ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (7-8-2005) (၄၆၈၀)

☆ ပြည်တွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ အချုပ်အခြာအာဏာ အပြည့်အဝရှိရန် လိုအပ်။ “ဟိုလူ့မျက်နှာချိုသွေးရ၊ ဒီလူ့မျက်နှာချိုသွေးရ” အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုမရှိသော သြဇာခံနိုင်ငံမျိုး မဖြစ်အောင် ကြိုးစားကာကွယ်တည်ဆောက်။

ယခုအခါ နိုင်ငံတော်အတွင်း ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက် ဒေသအနှံ့အပြားတွင် ငြိမ်းချမ်းသွားခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင် အဖျက်သမားအုပ်စုများ အမေကျော်ဒွေးတော်လွမ်း၊ သူခိုးတားရိုးကမ်းလုပ်ရပ် စဉ်ဆက်မပြတ်လုပ်လာ အနောက်အုပ်စုပြည်ပနိုင်ငံအချို့ တိုင်းပြည်ဆူပူဆန္ဒကျင်မှုများဖြစ်အောင် အမျိုးမျိုးလှုံ့ဆော်ပေးနေ ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်မှုအင်အားဖြင့် အဖျက်သမားအန္တရာယ်ကို စုပေါင်းတွန်းလှန်ကာကွယ်

ရန်ကုန် သြဂုတ် ၆

“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးကို သြဂုတ် ၂ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ၊ ကုမ္ပဏီများမှဝန်ထမ်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ရပ်မိရပ်ဖများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ကျော်တို့ တက်ရောက်ကြသည်။

တက်ရောက်

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်(အငြိမ်းစား)၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့–အဖွဲ့ဝင် ဒေါက်တာဒေါ်အေးအေးသိန်း၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှ ဦးအောင်နုကြည်၊ မြိတ်မြို့နယ် မီးသတ်တပ်ဖွဲ့ တပ်ရင်း(၂)မှ ဒုတပ်ရင်းမှူး ဦးဘကြွယ်၊ မြိတ်မြို့နယ်မှ မြို့မိမြို့ဖ ဦးအော်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ဝင်းယုယုဖြိုးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်နီလာမြင့်က ဆောင်ရွက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒



“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၈-၂၀၀၅
(တနင်္ဂနွေနေ့)

ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်နိုင်ရေးကြိုးပမ်း လျာထားသတ်မှတ်ချက်နှင့်အညီ အပြည့်အဝ စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝ၊ ရာသီဥတုကောင်းမွန်၍ စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်စွာ အထောက်အကူပေးနိုင်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်သည်။ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းအပါအဝင် စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များ ကူညီပေးခြင်းတို့ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအချိန်သည် မိုးစပါးများ စိုက်ပျိုးချိန်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စပါးအထွက်နှုန်းတိုးပြီး မျိုးစေ့အလေအလွင့် နည်းပါးရေးတို့အတွက် ခေတ်မီနည်းစနစ်များအသုံးပြု၍ အားကြိုးမာန်တက် စိုက်ပျိုးနေကြချိန်ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၅-၂၀၀၆ ခုနှစ် ရေတော်မိုးတော်မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ဇူလိုင်လ ၂၇ ရက်နေ့က မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီးရှိ လယ်မြေတွင် ကျင်းပခဲ့သည်။

အဆိုပါ စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရအသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းသည် စပါးအထွက်နှုန်းတိုးပြီး မျိုးစေ့အလေအလွင့် နည်းပါးစေသောနည်းလမ်းဖြစ်ရာ တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးစိုက်ပျိုးသင့်ပေသည်။

ထို့အပြင် **"ကျေးရွာအမှိုက် လယ်ယာမြေရတနာသိုက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လယ်မြေမှ စွန့်ပစ်အမှိုက်များဖြင့် ပြုလုပ်သော အီးအမ်ဘိုကာရှီ မြေဆွေး၊ ဒေသထွက် သဘာဝမြေဩဇာများကို ဓာတ်မြေဩဇာတို့နှင့် ရောစပ်အသုံးပြုခြင်းသည်လည်း စိုက်ပျိုးရေးကုန်ကျစရိတ်သက်သာ၍ စပါးအထွက်နှုန်း တိုးလာနိုင်သဖြင့် တောင်သူလယ်သမားတိုင်း လုပ်ကိုင်သုံးစွဲကြရမည်ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက သုံးသိန်းခုနစ်သောင်းကျော် စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအချိန်အထိ ဧကနှစ်သိန်းရှစ်သောင်းကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ရေတော်မိုးတော်မိုးစပါး သတ်မှတ်လျာထားဧက ၂၃၁၆၉၅ ဧက စိုက်ပျိုးရန် လျာထားရာ ယခုအခါ အပြည့်အဝ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဒေသအလိုက် မိုးရေရရှိမှုနှင့်အညီ ရေကြီးကွင်း၊ ရေနက်ကွင်း၊ ရေကျနောက်စိုက် စပါးများအပါအဝင် မိုးစပါးများကို လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးကြရန်နှင့် ရေတော်မိုးတော်မိုးစပါးများ ထွန်တုံးပိတ်ပြီးစီးနိုင်ရေး ကြိုးပမ်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ အစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ကြပ်မတ်ဆောင်ရွက်

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၏ စနစ်တကျ ကြပ်မတ်မှု၊ ယာဉ်မောင်းသူများ၏ စည်းကမ်းစနစ်တကျ မောင်းနှင်မှုများကြောင့် မိုးတွင်းကာလဖြစ်သော်လည်း ယာဉ်တိုက်ခိုက်မှု၊ မတော်တဆဖြစ်မှုများ သိသိသာသာ လျော့နည်းကျဆင်းသည်ကို တွေ့ရှိရကြောင်း၊ ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းလာသကဲ့သို့ ယာဉ်တိုက်ခိုက်မှုကြောင့် ထိခိုက်၊ သေဆုံးရမှုများ အရေအတွက်လည်း လျော့နည်းကျဆင်းအောင် ဆက်လက်ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးနှင့် ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်လိုင်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေး အတွက် ကူညီ ဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်း ကျဆင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ လိုက်နာကြစေရေးတို့အတွက် ပညာပေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားအား UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker လာရောက်တွေ့ဆုံစဉ်။ (လဝက)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား UNFPA ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား UNFPA ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker သည် အဖွဲ့ဝင်နှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မောင်မောင်သန်း၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေး လှေ့ကျင့်ဟောပြောပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးကြပ်၍ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေးလှေ့ကျင့်ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။

ဟောပြောဆွေးနွေး

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ ဆရာဝန်ကြီးများနှင့် ဘာသာရပ်ဆိုင်ရာ ဆရာဝန်ကြီးများက မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းနှင့် မိခင်များက အသက်(၃) နှစ်အောက် ကလေးသူငယ်များအား အာဟာရပြည့်ဝသည့် အစားအစာ ကျွေးမွေးပြုစုခြင်းအကြောင်းတို့ကို ဟောပြောဆွေးနွေး လှေ့ကျင့်ပေးကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးကြပ်၍ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေးလှေ့ကျင့် ဟောပြောပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူး၍ "အာဆီယံ စားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့ဝင်များ အားပေးကြည့်ရှုကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်" ကျင်းပ

ရန်ကုန် ဩဂုတ် ၆

၂၀၀၅ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်သော (၃၈)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ကြီးမှူး၍ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်သို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ နာယကအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသည့် ဒေါ်လှဲ့လှဲ့ကြည်နှင့် ဒေါက်တာခင်မြဝင်း၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးများ၏ ဇနီးများ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်များ၏ ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ မိသားစုများနှင့် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းဝင် အမျိုးသမီးများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဈေးရောင်းပွဲတော်ကို အသင်းနာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဧည့်သည်တော်များသည် အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်ကို ကြည့်ရှုအားပေးကြပြီး ဈေးရောင်းပွဲတော်ကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေကျင်မြစ်ရေနှင့် သံလွင်မြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၆

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၀၁ စင်တီမီတာသို့ ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၀ စင်တီမီတာသို့ ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

ရန်ကုန် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံး၌ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန်ရေးဆွဲ ဆောင်ရွက်လျက် ရှိသည်။

နှိုးဆော်ထား

၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၀၅ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၂၀ ရက်အထိ သတ်မှတ်ထားရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်း အားလုံး၌ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းစသည့် ကျောင်းကျန်းမာရေး လုပ်ငန်းရပ်ငါးခုကို ကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ပြည့်မီရေးအတွက် မိဘများနှင့် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

၂၀၀၅-၂၀၀၆ ပညာသင်နှစ်

ပညာ

ပညာ

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်မှ (၂၀) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

တောင်အာဖရိကတွင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ မှောင်ခိုခိုးထုတ်ခံရ တာဝန်ရှိသူများက မပျောက်ဆုံးစေရန် ထိန်းသိမ်းဆောင်ရွက်နေ

ဂျိုဟန်နက်စ်ဘတ် ဩဂုတ် ၅

တောင်အာဖရိကတွင် ယဉ်ကျေးမှုဆိုင်ရာ အဖိုးတန်ပစ္စည်းများကို နိုင်ငံခြားသား ရှေးဟောင်းပစ္စည်း စုဆောင်းသူများအတွက် နိုင်ငံမှ မှောင်ခိုခိုးထုတ်နေကြကြောင်း၊ ထိုမှောင်ခိုပစ္စည်းများတွင် အနုပညာပစ္စည်းများ၊ ရှေးခေတ်သုံး မီးပေါက်လက်နက်များ၊ ပရိဘောဂနှင့် ရှေးဟောင်းပစ္စည်းများပါဝင်ကြောင်း ကိတ်တောင်းရှိ တောင်အာဖရိက ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဌာန (အက်စ်အေအိပ်ချ်အာအေ) မှ အမှုဆောင်အရာရှိချုပ် ပါကာမာနီဘူသီလီဇိက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ မှောင်ခိုပစ္စည်းတစ်ခု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၅ မှ အမေရိကန်ဒေါ်လာ ၇၅၀၀ ခန့် ထိရှိကြောင်း၊ အချို့ပစ္စည်းများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅၁၅ ထိပင် တန်ဖိုးရှိကြောင်း ၎င်းက ဆိုသည်။

ခက်ခဲ

သို့သော် ထိုဥပဒေမဲ့ တင်ပို့သော ယဉ်ကျေးမှုပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းကို ဖော်ပြရန် ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့မှာ တန်ဖိုးဖြတ်နိုင်ခြင်းမရှိ၍ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်္ဂါနေ့အစောပိုင်းတွင် အဆိုပါ ဥပဒေမဲ့ ကုန်ကူးခြင်းကိစ္စနှင့်ပတ်သက်၍ ပါလီမန်သို့ စာဖြင့်ရေး၍ မေးမြန်းခဲ့ရာ ထိုကိစ္စရပ်တန့်နိုင်ရန်အတွက် စီမံကိန်းတစ်ခုကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီး ပါလိုဂျော်ဒန်က ပြန်လည်ဖြေကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ယဉ်ကျေးမှုပစ္စည်းများတွင် မသယ်ဆောင်နိုင်သော ပစ္စည်းနှင့် သယ်ဆောင်နိုင်သောပစ္စည်းဟူ၍ရှိရာ အနုပညာနှင့် ယဉ်ကျေးမှုဌာနက ထိုပစ္စည်းများကို စာရင်းစတင်ပြုစုနေကြောင်း ဂျော်ဒန်က ပြောကြားသည်။

ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းဆောင်ရွက်ရေးအတွက် အနုပညာနှင့် ယဉ်ကျေးမှုဌာန၊ တောင်အာဖရိက ရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (အင်တာပို) နှင့် အက်စ်အေအိပ်ချ်အာ အေဌာနတို့က ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တောင်အာဖရိကနိုင်ငံ ယဉ်ကျေးမှုပစ္စည်းများ မပျောက်ပျက်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်သည့် ဆောင်ရွက်မှုသည် ၂၀၀၈ ခုနှစ်တွင် လုံးဝပြီးစီးသွားမည် ဖြစ်ကြောင်း ဂျော်ဒန်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲခဲ့သည့်နေရာကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရားမဝင်ငွေကြေးလုပ်ငန်း ရှန်ဟိုင်းရဲက ဖြိုခွင်း သံသယရှိသူ ၁၅ ဦးကို ရဲက ထိန်းသိမ်းထား

ပေကျင်း ဩဂုတ် ၅

ရှန်ဟိုင်းမြို့တွင် နိုင်ငံခြားငွေကြေးလဲလှယ်ရေးလုပ်ငန်း လုပ်ကိုင်နေသော တရားမဝင်ငွေကြေးလုပ်ငန်းကြီးတစ်ခုကို ရှန်ဟိုင်းရဲများက ဖြိုခွင်းခဲ့သည်။

အဆိုပါ တရားမဝင်ငွေကြေးလုပ်ငန်းကို ဖော်ထုတ်ရာတွင် ရှန်ဟိုင်းပြည်သူ့လုံခြုံရေးဗျူရို၊ တရုတ်ပြည်သူ့ဘဏ်နှင့် နိုင်ငံခြားငွေ လဲလှယ်မှုကြီးကြပ်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ထိုငွေကြေးလုပ်ငန်းကို ဖော်ထုတ်ရာတွင် နှစ်လကြာမျှ ရဲအဖွဲ့ကလှုပ်ရှားခဲ့ရသည်။ တရားမဝင်ငွေကြေးလုပ်ငန်းတွင် သံသယရှိသူ ၁၅ ဦးကိုလည်း ရဲအဖွဲ့က ထိန်းသိမ်းထားသည်။

ထိုထိန်းသိမ်းခံထားသူများက ခေါင်းဆောင်ဖြစ်သူမှာ ဇိုဇူဒေါင် အမည်ရှိသူဖြစ်ကြောင်း ထွက်ဆိုချက်ပေးခဲ့သည်။ ပြည်နယ် ခုနစ်ခုတွင်လည်း ထိုတရားမဝင် ငွေကြေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြောင်းနှင့် ထိုလုပ်ငန်းတွင် ပြည်တွင်းပြည်ပမှ ကုမ္ပဏီ ၉၀ ကျော်တို့ ပါဝင်ပတ်သက်နေကြောင်း သိရသည်။

ထိုကဲ့သို့သော တရားမဝင်ငွေကြေးလုပ်ငန်းများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့ဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး ဇီဂျန်ဘိုက ပြောကြားသည်။

မကြာသေးမီနှစ်များတွင် တရားမဝင်ငွေကြေးလုပ်ငန်းများ အများအပြားပေါ်ပေါက်လာခဲ့သည်။ ထိုတရားမဝင်ငွေကြေးလုပ်ငန်းများသည် ချေးငွေ အမေရိကန်ဒေါ်လာ ၉၂ ဘီလီယံကိုလည်း ချေးငှားထားကြသေးကြောင်း ၂၀၀၃ ခုနှစ် ငွေကြေးရေးရာနှင့် စီးပွားရေး ဗဟိုတက္ကသိုလ်စာတမ်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဘဏ်လုပ်ငန်းမှ ထုတ်ပေးထားသောချေးငွေ စုစုပေါင်းနှင့် နှိုင်းယှဉ်ပါက အဆိုပါ တရားမဝင် ငွေကြေးလုပ်ငန်းမှ ထုတ်ချေးငွေပေါင်းသည် တရားဝင်ချေးငွေ ပမာဏ၏ ၃၀ ရာခိုင်နှုန်းအထိပင် များပြားသည်ဟု ဆိုသည်။ တရုတ်နိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နေကြသော အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ စိုက်ထုတ်ရင်းနှီးသော ငွေကြေးတွင် တရားမဝင်ဘဏ္ဍာရေးလုပ်ငန်းမှ ရသောငွေသည် သုံးပုံတစ်ပုံအထိ ပါဝင်နေကြောင်း အဆိုပါစစ်တမ်းက ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်ရှိ နိုင်ငံသားများ လုံခြုံရေး အမေရိကန်အစိုးရ သတိပေး

ဝါရှင်တန် ဩဂုတ် ၅

ဗြိတိန်နိုင်ငံတွင်နေထိုင်သော အမေရိကန်နိုင်ငံသားများကို လုံခြုံရေးနှင့်ပတ်သက်၍ အမေရိကန်အစိုးရက ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားခဲ့သည်။ လန်ဒန်တွင် ယခင်လက ဗုံးပေါက်ကွဲမှုနှင့် လန်ဒန်မြို့ လူသွားလူလာများသော နေရာများတွင် ဗုံးခွဲရန် ကြိုးပမ်းမှုများဖြစ်ပေါ်ခဲ့ပြီးနောက် အထက်ပါကဲ့သို့ သတိပေးချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်ကြေညာ

လန်ဒန်တွင် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်နေသူ အများအပြားကို လန်ဒန်ရဲများက ဖမ်းဆီးထားသော်လည်း အန္တရာယ်များ ဆက်လက်ကျရောက်လာနိုင်သေးကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံသားများကို သတိဝီရိယရှိရှိ နေထိုင်ကြရန်၊ မိမိတို့၏ လုံခြုံရေးအတွက် ပိုမိုသတိထားကြရန်နှင့် လူသွားလူလာများသော နေရာများနှင့် သယ်ယူပို့ဆောင်ရေး စခန်းများတွင်လည်း သတိဝီရိယထားသွားလာကြရန် နှိုးဆော်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကနေဒါနိုင်ငံ တိုရန်တိုမြို့ ပီယာဆန်လေယာဉ်ကွင်း၌ လေယာဉ်အဆင်းတွင် ပြေးလမ်းချော်ကာ မီးလောင်ပျက်စီးသွားသော ပြင်သစ်လေကြောင်းလိုင်းပိုင် လေယာဉ်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီတွင်မြေပြို၊ ခုနစ်ဦးသေဆုံး

အန်ကာရာ ဩဂုတ် ၅

တူရကီနိုင်ငံ၏ ပင်လယ်နက်ဒေသတွင် ရေလွှမ်းမိုးမှုနှင့်မြေပြိုမှုတို့ကြောင့် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း တစ်ကစ်ရှ်ဒေလီးနယူးသတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

တူရကီနိုင်ငံမြောက်ပိုင်း တောင်ထူထပ်သည့် ပြည်နယ်များဖြစ်သော ထရာဇွန်နှင့် ရီဇီးပြည်နယ်တို့တွင် အင်္ဂါနေ့မှစပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်လာသည်။ အိမ်များ ရေလွှမ်းမိုးခြင်း၊ တံတားများပြိုပျက်ခြင်းနှင့် လမ်းများပိတ်ဆို့နေခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းစာက ဖော်ပြသည်။ သေဆုံးသူများ၏ အလောင်းများကို ထရာဇွန်ပြည်နယ်ရှိ ရွာတစ်ရွာတွင်တွေ့ရှိသည်။ တူရကီနိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနေဦးမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ကြေညာထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန်နှင့် ဥရောပသမဂ္ဂတို့ အဏုမြူကိစ္စဆွေးနွေး ဥရောပသမဂ္ဂသည် ရိုးသားမှုမရှိဟု အီရန်စွပ်စွဲ

တီဟီရန် ဩဂုတ် ၆

ဥရောပသမဂ္ဂသည် အီရန်နိုင်ငံ၏ အဏုမြူပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးကြရာ၌ မည်သည့်အခါတွင်မျှ ရိုးသားခြင်းမရှိခဲ့ဟု အီရန်မှ ဩဇာကြီးမားသူ တစ်ဦး၏ ပြောကြားချက်ကို အိုင်အာအင်အေ သတင်းအေဂျင်စီက ဖော်ပြသည်။

အရှေ့တိုင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် ဥရောပသည် ၎င်းတို့ကိုယ်၎င်းတို့ သခင်များအဖြစ် သဘောထားပြီး တစ်ဖက်နိုင်ငံများအပေါ် တပည့်များအဖြစ် သဘောထားကာ ဆက်ဆံကြသည့်အပြင် ယခုအီရန်နိုင်ငံ၏ အဏုမြူကိစ္စတွင်လည်း မူလအစကပင် ရိုးသားမှုမရှိခဲ့ကြဟု အီရန်နိုင်ငံ ထိပ်တန်းဥပဒေရေးရာ အုပ်ထိန်းရေးကောင်စီဥက္ကဋ္ဌ အာမက်ဂျာနာတီက ဩဂုတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်က အီရန်ကို အဏုမြူအသုံးချရေးအစီအစဉ်အားလုံး စွန့်လွှတ်ရန်တောင်းဆိုနေသည့်အပြင် အီရန်သည် လုပ်ကိုင်ဆဲ အဏုမြူအစီအစဉ်မှ လက်နက်ထုတ်လုပ်ရန် ကြံစည်နေသည်ဟု စွပ်စွဲခဲ့သည်။ အီရန်က ထိုစွပ်စွဲချက်မှန်ကန်မှုမရှိသည့်အပြင် အဏုမြူအစီအစဉ်ကိုလည်း စွန့်လွှတ်မည်မဟုတ်ဟု တုံ့ပြန်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘူဂေးရီးယားတွင် ရေကြီး

ဆိုဖီယာ ဩဂုတ် ၆

ဘူဂေးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံအနောက်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားလာသည့်အတွက် ဩဂုတ်လ ၅ ရက်က လူပေါင်း ၁၅၀၀ တို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

နွေရာသီကာလအတွင်း ကျရောက်လာသော မုန်တိုင်းများကြောင့် ယခုနှစ် မေလမှစ၍ နိုင်ငံအတွင်း၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ယနေ့အထိ လူပေါင်း ၁၇ ဦးတို့ အသက်ဆုံးရှုံးရပြီး စီးပွားရေးအရလည်း ယူရိုငွေ သန်း ၂၀၀ အထိ ဆုံးရှုံးခဲ့ရကြောင်း ဌာနဆိုင်ရာများက ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲ

ဘဂ္ဂဒက် ဩဂုတ် ၅

ဘဂ္ဂဒက်မြို့တော် အနောက်တောင်ပိုင်းတွင် အမေရိကန်စစ်ယာဉ်ကို ဦးတည်ကာ တိုက်ခိုက်သော ကားဗုံးဖောက်ခွဲမှုတစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့ရာ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ရကြောင်း စစ်ဘက်မှလာသော သတင်းများက ဖော်ပြသည်။

ထိုတိုက်ခိုက်မှုသည် ဩဂုတ် ၃ ရက် ည ၈ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသက်ဆုံးရှုံးသွားရသူများ၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားထားဆဲဖြစ်၍ ၎င်းတို့၏အမည်များကို စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိသေးကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ၁၁၀ ကီလိုမီတာကွာဝေးသော မငြိမ်မသက်ဖြစ်နေသည့် ရာမာဒီမြို့တွင်လည်း လက်နက်ငယ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယား ဒေသတွင် လုံခြုံရေး ဆောင်ရွက်နေကြသော တပ်ဖွဲ့ဝင်များကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမ်ဒီဂျီဆိုင်ရာ အစည်းအဝေး ဂျကာတာတွင် ကျင်းပ မျှော်မှန်းချက်များ ပြည့်မီရေး အင်ဒိုသမ္မတ တိုက်တွန်း

ဂျကာတာ ဩဂုတ် ၅

ကမ္ဘာ့နိုင်ငံများအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေး (အမ်ဒီဂျီ) ဆောင်ရွက်ကြရန်နှင့် နိုင်ငံအားလုံးတွင် တာဝန်ရှိသည်ကို အလေးအနက်ခံယူ၍ လုပ်ကိုင်သင့်ကြပြီး ယခုအခါ ကန့်သတ်ထားသော အချိန်ကုန်ဆုံးရန် နီးကပ်နေပြီဖြစ်သည့်အတွက် ရည်မှန်းချက်ပေါက်မြောက်ရေးကိစ္စကို အချိန်လုကာ လုပ်ကိုင် ကြရမည်ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံသမ္မတ ယူဒိုယိုနိုဆူဆီလိုဘမ်ဘန်းက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

ထောင်စုနှစ် ရည်မှန်းချက်သည် အစိုးရအဖွဲ့ တစ်ဖွဲ့တစ်စု သို့မဟုတ် နိုင်ငံတစ်စုတစ်ဖွဲ့တို့ အကျိုးအတွက် ရည်မှန်းကာ ဆောင်ရွက်နေခြင်းမဟုတ်ကြောင်း၊ ယခုကိစ္စသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စဖြစ်၍ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ထောင်စုနှစ်များဆိုင်ရာ ရည်မှန်းချက်များ အစည်းအဝေးဖွင့်ပွဲတွင် အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

အားလုံးနှင့်သက်ဆိုင်

လူသားတို့အနေဖြင့် မည်သည့်နိုင်ငံတွင်နေသည်ဖြစ်စေ၊ မည်သည့်နိုင်ငံရေးစနစ်ကိုပင် လက်ခံကျင့်သုံးသည်ဖြစ်စေ၊ ထောင်စုနှစ်ရည်မှန်းချက်သည် အဆိုပါလူသားနှင့် မသက်ဆိုင်ဟူ၍မရှိကြောင်း၊ အမှန်စင်စစ် ယင်းရည်မှန်းချက်သည် ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သော အရေးပင်ဖြစ်ကြောင်းသမ္မတဆူဆီလိုက ပြောကြားခဲ့သည်။ အထက်ပါစကားများကိုဆူဆီလိုသည်အာရှပစိဖိတ်ဒေသနိုင်ငံ ၄၀ တို့မှ ကိုယ်စားလှယ်များ တက်ရောက်သော အစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာ့လူအများစုသည် မျက်မှောက်ကာလတွင် ဆင်းရဲမွဲတေသည့် အခြေအနေတွင်နေထိုင်နေကြရဆဲဖြစ်သည်။ သို့ဖြစ်၍ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရန် မိမိတို့အနေဖြင့် အချိန်လု၍ အကောင်အထည်ဖော်ကြရမည်ဖြစ်သည်ဟု ဆိုသည်။

အာရှနှင့်ပစိဖိတ်ဒေသတွင် ဆင်းရဲမွဲတေသည့်ဘဝတွင် နေထိုင်ကြရသော လူဦးရေသည် သန်းပေါင်း ၇၀၀ မျှအထိရှိနေသည်။ ယင်းပမာဏသည် ကမ္ဘာ့ဆင်းရဲသူဦးရေပေါင်း၏ သုံးပုံနှစ်ပုံအထိရှိသည်။

ဖီလာဆန့်ကျင်

မိမိတို့နေထိုင်ရာဒေသသည် ကမ္ဘာပေါ်တွင် စီးပွားရေး တိုးတက်နှုန်း အမြင့်ဆုံးဒေသအဖြစ် တွေ့မြင်ကြရမည်ဖြစ်သော်လည်း ကမ္ဘာ့ဆင်းရဲမွဲတေသူအများစုနေထိုင်ရာဒေသ ဖြစ်နေခြင်းက ပထမအချက်နှင့်ဖီလာဆန့်ကျင်နေသည်ကို တွေ့ရခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတက ဆက်လက်ပြောကြားသည်။

ထက်ဝက်လျှော့ချ

ကမ္ဘာ့ဆင်းရဲမွဲတေသူ လူဦးရေနှင့် ငတ်မွတ်နေသူ ဦးရေကို ထက်ဝက်လျှော့ချရေး၊ လူတိုင်း မူလတန်းပညာသင်ကြားခွင့်ရရှိရေး၊ ကျား၊ မ မညီမျှမှုပပျောက်ရေး၊ ကလေးသေနှုန်းကို သုံးပုံနှစ်ပုံလျှော့ချရေးနှင့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံလျှော့ချရေး၊ အဓိကရောဂါများဖြစ်ပွားမှုရပ်တန့်စေရေးနှင့်ပပျောက်ရေးတို့အပြင် ရေကောင်းရေသန့်မရရှိသူ ဦးရေကို ထက်ဝက်လျှော့ချရေးစသော ရည်မှန်းချက်များသည် ထောင်စုနှစ် ရည်မှန်းချက်များဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သိပ္ပံရေးရာ နိုင်ငံတကာညီလာခံ မြို့တော်ပေကျင်းတွင် ကျင်းပ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို လေ့လာမည်

ပေကျင်း ဩဂုတ် ၅

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာပုံများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် နိုင်ငံတကာမိုးလေဝသနှင့် ကမ္ဘာ့လေထုလွှာလေ့လာရေး သိပ္ပံပညာအသင်း၏ နဝမအကြိမ်ညီလာခံကိုတရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သည်။

၁၀ ရက်ကြာကျင်းပမည့် သိပ္ပံရေးရာညီလာခံသို့ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ သိပ္ပံပညာရှင်နှင့် ကျွမ်းကျင်သူပညာရှင် ၁၃၀၀ ခန့် တက်ရောက်ကြသည်။

စီစဉ်ထား

ယခုကျင်းပသည့် ညီလာခံတွင် ဆွေးနွေးရန် စီစဉ်ထားသော အကြောင်းရပ်များမှာ ကမ္ဘာကြီး ပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ဆူနာမီရေလှိုင်း ရိုက်ခတ်ခြင်း၊ ရာသီဥတုပြင်းထန်မှု ဖြစ်ရပ်များ၊ လေထုညစ်ညမ်းမှုနှင့် လာမည့်ရာစုနှစ်များတွင် ဖြစ်ပေါ်လာနိုင်သော ရာသီဥတုအခြေအနေများ စသည်တို့ ဖြစ်ကြသည်။

အဖြေရှာနိုင်

ရာသီဥတု ပြောင်းလဲလာမှုသည် ကမ္ဘာ့လူသားမျိုးနွယ်တို့အား ဘေးဥပဒ်ပေးနိုင်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ရေအရင်းအမြစ်များ လျော့နည်းလာမှုတို့သည် ကမ္ဘာ့လူသားတို့အား ဆိုးကျိုးပေးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲနေသည့်အခြေအနေကို ကမ္ဘာသူ ကမ္ဘာသားများက သိရှိလိုကြပြီး ရာသီဥတုပြောင်းလဲခြင်းနှင့်သက်ဆိုင်နေသော အကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်မည့် နည်းလမ်းများကို လူသားတို့ သိရှိလိုကြကြောင်း၊ ယခုကျင်းပမည့် ညီလာခံတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ပေါ်ပေါက်နိုင်သော ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာနိုင်မည် ဖြစ်ကြောင်းတရုတ်သိပ္ပံနှင့်နည်းပညာဝန်ကြီး ကျူဂွမ်ဟွာက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘောဒီးယားဘုရင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်

ပေကျင်း ဩဂုတ် ၅

တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားဘုရင် နိုယိုဒွမ်သီဟာမိုနီသည် တရုတ်နိုင်ငံသို့ ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်ထိ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေသဆိုင်ရာ လုံခြုံမှု မြှင့်တင်ရေး စင်ကာပူကာကွယ်ရေးဝန်ကြီးတိုက်တွန်း

စင်ကာပူ ဩဂုတ် ၅

ဒေသဆိုင်ရာလုံခြုံရေးမြှင့်တင်နိုင်ရန် အာရှနှင့် ပစိဖိတ်ဒေသ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီး တွန်ချေဟန်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

သုံးသပ်

ဒေသဆိုင်ရာလုံခြုံရေးအတွက် ဒေသတွင်းရှိနိုင်ငံများ ပူးပေါင်းဆောင်ရွက်မည်ဟု အစိုးရအဖွဲ့များက သုံးသပ်ကြကြောင်း ၎င်းကပြောကြားသည်။

အောင်မြင်

အကြမ်းဖက်သမား တစ်ဦး (သို့မဟုတ်) ဗိုင်းရပ်စ်ပိုး တစ်မျိုးကို ရင်ဆိုင်ရာတွင် ဒေသတွင်းရှိ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ မျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ အကြမ်းဖက်မှု ဘေးအန္တရာယ်ခြိမ်းခြောက်လာမှုကို မိမိတို့နိုင်ငံများက တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွန်ချေဟန်းက ပြောကြားသည်။

အာရှနှင့် ပစိဖိတ်ဒေသ၏ ဘူမိနိုင်ငံရေး အခြေအနေများမှာ အကြီးအကျယ်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ အာရှနှင့်ပစိဖိတ်ဒေသတွင် အမေရိကန်က နိုင်ငံရေးနှင့် စစ်ရေးအရ ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလာသည်ကို မကြာသေးမီနှစ်များမှစ၍ ထူးထူးခြားခြား တွေ့မြင်လာကြရကြောင်း ၎င်းက ပြောကြားသည်။

အာရှနှင့်ပစိဖိတ်ဒေသသည် ဒေသတွင်းရှိ အင်အားကြီးမားသောနိုင်ငံ ဖြစ်သည့် အမေရိကန်၊ တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အတွင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာသည့် အခြေအနေပေါ် မူတည်ကာ ဖြစ်ပေါ်ပြောင်းလဲနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြှင့်တင်

အရှေ့အာရှ ထိပ်သီးညီလာခံ၊ အာရှပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)နှင့် ငါးနိုင်ငံ ကာကွယ်ရေးအစီအစဉ်စသည့်လုပ်ရှားဆောင်ရွက်မှုများသည် ဒေသတွင်းရှိ နိုင်ငံများ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ကြောင်း ၎င်းကအာရှပစိဖိတ်ဒေသ စစ်ဘက်ဆိုင်ရာ အထက်တန်း တာဝန်ရှိသူများ အစည်းအဝေးတွင်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဓာတ်သတ္တုကဏ္ဍဆိုင်ရာ သဘောတူညီချက် အာဆီယံဝန်ကြီးများ လက်မှတ်ရေးထိုး

ကွာလာလမ်ပူ ဩဂုတ် ၅

ဓာတ်သတ္တုကဏ္ဍဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝန်ကြီးများနှင့် ကိုယ်စားလှယ်များက ကြာသပတေးနေ့တွင်လက်မှတ်ရေးထိုးလိုက်ကြသည်။

ယခုလက်မှတ်ရေးထိုးသော သဘောတူညီချက်၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ အသင်းဝင်နိုင်ငံများ၌ သတ္တုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာခြင်းဖြင့် စီးပွားရေး တိုးတက်မှုနှင့် လူမှုရေး တိုးတက်မှုတို့ ဖြစ်ထွန်းပေါ်ပေါက်စေရန် ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်သည် ဒေသတွင်းနိုင်ငံများ၏ သတ္တုလုပ်ငန်းကဏ္ဍတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အထောက်အကူပေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံတွင် ထုတ်ဝေသော မီဒီယာများတွင် ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

ဓာတ်သတ္တုဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး တစ်ရပ်တွင် အာဆီယံကိုယ်စားလှယ်များကသဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ အဆိုပါ အစည်းအဝေးကို မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာရာဝပ်ပြည်နယ် ကုချင်မြို့၌ ကျင်းပခဲ့သည်။

ဓာတ်သတ္တုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူပေးရန် ရည်ရွယ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲဓာတ်သတ္တုသယံဇာတတို့ကို စဉ်ဆက်မပြတ် ထုတ်လုပ်သွားနိုင်စေမည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

ထိုစဉ်အတွင်း အာဆီယံဓာတ်သတ္တုပူးပေါင်းဆောင်ရွက်ရေး ရေ့လုပ်ငန်းစဉ်(၂၀၀၅/၂၀၁၀)ကို အဆိုပါ အစည်းအဝေးတွင် အတည်ပြု ချမှတ်လိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖရိကဒေသ နိုင်ဂျာနိုင်ငံတွင် မိုးခေါင်မှု ဖြစ်ပွားလျက်ရှိရာ ဒုက္ခသည်များအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေရန် ပြင်ဆင်နေကြသည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

စက်မှုကဏ္ဍဖွံ့ဖြိုးရေး စံချိန်စံညွှန်းသတ်မှတ်၍ အရည်အသွေးမြှင့်တင်

ဟိန်းထွန်း

ကမ္ဘာ့လူသားတို့သည် မိမိတို့စားဝတ်နေမှုအတွက် လူနေမှုအဆင့်အတန်း မြင့်မားစွာဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ဈေးနှုန်းချိုပြီး အရည်အသွေးမြင့်မားသည့် လူသုံးကုန်ပစ္စည်း အစုစုတို့ကို တိုးတက်ထုတ်လုပ်အသုံးပြုကာ ထာဝရစိမ်းလန်းစိုပြည် သာယာလှပနေသော သဘာဝပတ်ဝန်းကျင်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်လိုကြပါသည်။ ထိုသို့အဆင့်မြင့်မြင့် နေထိုင်စားသောက်နိုင်ရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စံချိန်စံညွှန်း မီသောကုန်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေရန် ထိန်းသိမ်းကာကွယ်ရင်း ထုတ်လုပ်သွားရန် အထူးလိုအပ်ပါသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးတည်ချက်ငါးရပ်တွင် တစ်ချက်ဖြစ်သော **"စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး"**ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် နည်းပညာဆိုင်ရာ ဆပ်ကော်မတီများတွင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ မြန်မာ့ထွက်ကုန်ပစ္စည်းများကို စံချိန်စံညွှန်းသတ်မှတ်၍ အရည်အသွေးမီ၊စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်မှသာ ကမ္ဘာ့ ဈေးကွက်တွင် ရောင်းတမ်းမီအဆင့်မြင့်လူသုံးကုန်ပစ္စည်းနှင့် စက်ကိရိယာ ပစ္စည်းများ ပြည်တွင်း၊ ပြည်ပတွင် ယှဉ်ပြိုင်ရောင်းချနိုင်ပါမည်။

အရည်အသွေးမြှင့်တင်ရေး

"စံချိန်စံညွှန်းသတ်မှတ်ရေး" လုပ်ငန်းသည် မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးအစား၊ အဆင့်အတန်းကောင်းမွန်မြင့်မားစွာဖြင့် ကုန်ကျစရိတ်အနည်းဆုံးနှင့် ထုတ်လုပ်နိုင်စေရန် လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ကျယ်ပြန့်စွာဝင်ရောက်ထိုးဖောက်၍ မိမိတို့ပစ္စည်းများကို တွင်ကျယ်စွာ ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ မိမိတိုင်းပြည်အတွက် ပြည်ပနိုင်ငံများမှ တင်သွင်းရသော ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများကို ဝယ်ယူတင်သွင်းရာတွင်လည်းကောင်း၊ မိမိတို့သုံးလိုသည့်လုပ်ငန်းနှင့် အံဝင်ခွင်ကျအသုံးတည့်စေ၍ ပေးရသောငွေတန်ဖိုးနှင့် ကိုက်ညီအောင် အရည်အသွေးမြင့်မားသည့် ပစ္စည်းများရရှိရေးအတွက် လည်းကောင်း လုပ်ဆောင်ရသော လုပ်ငန်းပင်ဖြစ်သည်။

စံချိန်စံညွှန်း သတ်မှတ်ရာတွင် နည်းပညာစံချိန်စံညွှန်း (Technology Standard)နှင့် ကိရိယာစံချိန်စံညွှန်း (Instrument Standard) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။။ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့် သတ်မှတ်ထားပါသည်–

(၁) **ကုမ္ပဏီမှစံချိန်စံညွှန်းသတ်မှတ်ခြင်း**(Company Standardization)

(၂) **အမျိုးသားစံချိန်စံညွှန်းသတ်မှတ်ခြင်း**(National Standardization)

(၃) **ဒေသဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ခြင်း**(Regional Standardization)

(၄) **ကမ္ဘာနှင့်အဝန်း အိုင်အက်စ်အို–အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့၏ စံချိန်စံညွှန်းသတ်မှတ်ခြင်း** (Global ISO-International Organization for Standardization)

နိုင်ငံအသီးသီးသည် မိမိနိုင်ငံသားတို့၏ ကျန်းမာရေး၊ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် စံချိန်စံညွှန်းများ ရေးဆွဲပြဋ္ဌာန်းကြပါသည်။ သို့သော် ယင်းစံချိန်စံညွှန်းများသည် အခြားနိုင်ငံများ၏ စံချိန်စံညွှန်းများနှင့် သဟဇာတမဖြစ်ခြင်း၊ အရည်အသွေးကိုက်ညီမှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကွဲပြားခြင်းတို့သည် ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီး(TBT-Technical Barrier to Trade)များ ဖြစ်ပေါ်လာစေရာ အဆိုပါ အတားအဆီးများကို ကျော်လွှားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေး အဖွဲ့ကို ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက် လန်ဒန်မြို့တွင် နိုင်ငံ ၂၅ နိုင်ငံမှ ကိုယ်စားလှယ် ၆၄ ဦး တက်ရောက်၍ စတင်ဖွဲ့စည်းပြီး ယင်းနေ့၌ပင် အထွေထွေညီလာခံကျင်းပ၍ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ခဲ့သည်။ ယနေ့အချိန်အခါတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံမှာ တင်းပြည့်အဖွဲ့ဝင် (ISO Members bodies) ၉၇နိုင်ငံ၊ စာပေးစာယူအဖွဲ့ဝင် (Correspondent members) ၃၆ နိုင်ငံနှင့် အသိအမှတ်ပြုအဖွဲ့ဝင် (Subscribes members) ၁၅နိုင်ငံ စုစုပေါင်း ၁၄၈ နိုင်ငံမှ အမျိုးသား စံချိန်စံညွှန်းအဖွဲ့များပါဝင်သည့် ကမ္ဘာ့စံချိန်စံညွှန်း အဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည်လာနိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့တွင် စက်မှုကျွမ်းကျင်ကော်မတီ (TC-Technical Committee) ၂၂၉ဖွဲ့ဖြင့် ဘာသာရပ်အလိုက်ဖွဲ့စည်း၍ ပစ္စည်းတစ်ခုချင်းအလိုက် စံချိန်စံညွှန်းများကို

အထောက်အကူပြုကော်မတီ (SC-Sub Committee)များ ဖွဲ့စည်းပြီး ရေးဆွဲလျက်ရှိသည်မှာ ISO Standard ၁၉၀၀၀ ကျော်ရှိပြီး ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီမှု ရရှိထားသော အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ရေးလုပ်ငန်းတစ်ခု ဖြစ်ပေါ်လာရန်အတွက် လုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်ရပါသည်။ အပြည်ပြည်ဆိုင်ရာ စံတစ်ခုရရှိရေးအတွက် ကော်မတီမူကြမ်း (CD-Committee Draft) ပုံစံတစ်ခု ရေးဆွဲရေးပင်ဖြစ်သည်။ အဆိုပါ ကော်မတီမူကြမ်းအား ISO၏ စက်မှုကျွမ်းကျင်ကော်မတီအတွင်း လှေ့လာနိုင်ရန် ဖြန့်ဝေပေးရပါသည်။ TC နှင့် ဆပ်ကော်မတီ SC တို့သည် ညှိနှိုင်းပြင်ဆင်ပြီး အများဆန္ဒသဘောတူညီချက် ရရှိသောအခါ ယင်းကော်မတီမူကြမ်း CD အား ဗဟိုအတွင်းရေးမှူးအဖွဲ့သို့ အပြည်ပြည်ဆိုင်ရာ စံမူကြမ်းတစ်ခု (DIS- Draft International Standard ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ဆက်လက်တင်ပြရပါသည်။ အကြိမ်ကြိမ်ပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ပြီးနောက် နောက်ဆုံးအဆင့် အပြည်ပြည်ဆိုင်ရာ စံမူကြမ်း (FDIS-Final Draft International Standard) အား တင်ပြ၍ အဖွဲ့ဝင် ISO တင်းပြည့်အဖွဲ့ဝင်များ၏ ဆန္ဒမဲအနည်းဆုံး ၇၅ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုလျှင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖြစ် အသိအမှတ်ပြု၍ ထုတ်ဝေဖြန့်ချိရပါသည်။ အချိန်ပြည့်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း ၄၀၀ ကျော်ဖြင့် ဂျီနီဗာမြို့တွင် အခြေစိုက်လျက်ရှိသော ISO အဖွဲ့ကြီးမှ စက်မှုကျွမ်းကျင်ကော်မတီ (TC) အဖွဲ့ ၂၂၉ ဖွဲ့နှင့် ၎င်း၏ဆပ်ကော်မတီအဖွဲ့များအပြင် နိုင်ငံအနှံ့မှ စေတနာ့ဝန်ထမ်းကျွမ်းကျင်သူ တစ်သိန်းကျော်တို့သည် တစ်နှစ်စာ အစည်းအဝေးပြက္ခဒိန် (meeting calendar)ရေးဆွဲပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံများတွင်ဖြန့်ခွဲ၍ စံချိန်စံညွှန်းများ ရေးဆွဲလျက်ရှိပါသည်။

နယ်ကျယ်ဝန်းလာသည့် အိုင်အက်စ်အို(ISO)

ISOအဖွဲ့ကြီး၏ လှုပ်ရှားမှုများသည် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လုပ်ဆောင်ချက်များ၏ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုများကို အထောက်အကူပြုလျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်လုံခြုံမှုရှိရေးနှင့် စားသုံးသူများအတွက် အကာအကွယ်ပေးရေးစသည့် ကိစ္စရပ်များကိုပါဦးစားပေးတိုးချဲ့လုပ်ဆောင်လာနိုင်သည့်အပြင် ISO NET (ISO-Information Network) တည်ထောင်ခဲ့သည့်အတွက် ISO ၏ နယ်ပယ်သည် ကျယ်ဝန်းလာပါသည်။

ISO အသင်းဝင်ကြေးကို နှစ်အလိုက်ထည့်ဝင်ကြေးယူနစ် (Subscription Unit) ဖြင့် သတ်မှတ်ထားရာ တစ်ယူနစ်သည် အမေရိကန်ဒေါ်လာ ၄၀၉၆ ဒသမ ၆ နှင့်ညီမျှပါသည်။ အသိအမှတ်ပြု အဖွဲ့ဝင်များသည် စီးပွားရေး ဖွံ့ဖြိုးမှုအားနည်းသော တိုင်းပြည်များအတွက်ဖြစ်ပြီး အသင်းဝင်ကြေးမှာ နှစ်အလိုက်ထည့်ဝင်ကြေးယူနစ်၏ ထက်ဝက်ဖြစ်သော အမေရိကန်ဒေါ်လာ ၂၀၄၈ ဒသမ ၃ သာ ပေးဆောင်ရန်လိုအပ်ပါသည်။ ယင်းအဖွဲ့ဝင်များသည် စက်မှုကျွမ်းကျင်အဖွဲ့နှင့်ကော်မတီ(ISO Technical Bodies Council Committee) အစည်းအဝေးများသို့ တက်ရောက်ခွင့် မရှိသည့်အပြင် မဲပေးပိုင်ခွင့်လည်းမရှိပါ။ အထွေထွေညီလာခံများတွင် အဖွဲ့ဝင် လေ့လာသူအဖြစ် တက်ရောက်ခွင့်ရှိသည်။ အမျိုးသားစံချိန်စံညွှန်း အပြည့်အဝ ရေးဆွဲနိုင်ခြင်း မရှိသေးသော နိုင်ငံများအနေဖြင့် စာပေးစာယူအဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပြီး အသင်းဝင်ကြေးကို နှစ်အလိုက်ထည့်ဝင်ကြေးယူနစ်၏ နှစ်ဆဖြစ်သော အမေရိကန်ဒေါ်လာ ၈၁၉၃ ဒသမ ၃ ပေးဆောင်ရန် လိုအပ်ပါသည်။ ယင်းအဖွဲ့ဝင်များသည်

မန္တလေးစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျိုစက်ရုံ စီမံကိန်း သံရည်ကျိုစက် အမှတ်(၂)၌ သံရည်သွန်းလောင်းနေမှုကို တွေ့ရစဉ်။

စက်မှုကျွမ်းကျင်အဖွဲ့နှင့် အထွေထွေညီလာခံ အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ပြီး မဲပေးပိုင်ခွင့်မရှိသော်လည်း မိမိ၏ အမြင်များကို တင်ပြခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ပါသည်။ နိုင်ငံတော်ဥပဒေဖြင့်ဖွဲ့စည်းထားသော စံချိန်စံညွှန်းဆိုင်ရာ အမျိုးသားအဖွဲ့အစည်းများသည် ISOတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပြီး ဝင်ကြေးမှာ တိုင်းပြည်အခြေအနေပေါ်မူတည်၍ ထည့်ဝင်ကြေးယူနစ်၏ ၂၅၂ ဆအထိ သတ်မှတ်ထားပါသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော တိုင်းပြည်များအတွက် အသင်းဝင်ကြေးမှာ နှစ်အလိုက်ထည့်ဝင်ကြေးယူနစ်၏ ငါးဆဖြစ်သော အမေရိကန်ဒေါ်လာ ၂၀၅၀၀ ပေးဆောင်ရန် လိုအပ်ပါသည်။ ယင်းအဖွဲ့ဝင်များသည် အထွေထွေညီလာခံ အစည်းအဝေးများသို့ အမြဲတမ်းအဖွဲ့ဝင်အဖြစ်တက်ရောက်နိုင်ပြီး မဲပေးပိုင်ခွင့်၊ ကောင်စီအဖွဲ့ဝင်ရွေးချယ်ရာတွင် ပါဝင်ခွင့်နှင့် စက်မှုကျွမ်းကျင်အဖွဲ့များ၏ လုပ်ငန်းများတွင် ပါဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

ရပိုင်ခွင့်နှင့်တာဝန်များ

ISOစာပေးစာယူအဖွဲ့ဝင်ဖြစ်လာသည့် နိုင်ငံတို့၏ အဖွဲ့ဝင်များသည် ရပိုင်ခွင့်အနေဖြင့် ISO မှ ပြဋ္ဌာန်းထားသော ISO Standards များကို ရရှိမည်ဖြစ်ပါသည်။ သို့သော် ISO၏ Standardsများကို စာအုပ်အသွင် (Hard Copy) ဖြင့် ထုတ်ဝေခြင်း မရှိတော့သဖြင့် အင်တာနက်မှတစ်ဆင့် ရယူရမည်ဖြစ်ပါသည်။ ISOအဖွဲ့ဝင်များသည် ISOစံချိန်စံညွှန်းများကို အခကြေးငွေမယူဘဲ စံချိန်စံညွှန်းဆိုင်ရာ အမျိုးသားရည်ညွှန်းစာကြည့်တိုက်တွင်ထားရန်နှင့် စံချိန်စံညွှန်းဆိုင်ရာ ကျွမ်းကျင်သူများမှ ISOစံချိန်စံညွှန်းအသစ်များ ဖော်ထုတ်ရန်အလို့ငှာအတွက်သာ သုံးစွဲရန်ဖြစ်သည်။

ISO အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံ နယ်နိမိတ်အတွင်း၌ ISO Standards များကို နောက်ဆုံးအသုံးပြုသူတို့ ရောင်းချရန် မူပွားခြင်းကို ဆောင်ရွက်နိုင်သည်။ ISO စံချိန်စံညွှန်းကို စာရွက်စာတမ်းမိတ္တူ(သို့မဟုတ်) ISOဗဟိုအတွင်းရေးမှူးချုပ်ရုံးမှ ပေးပို့သော ပြောင်းလဲပြင်ဆင်၍မရနိုင်သော အီလက်ထရွန်းနစ်ဖိုင်များကို ရောင်းချရန်မူပိုင်ခွင့်ဥပဒေအရ ကာကွယ်ထားသော လမ်းညွှန်များအတိုင်း မူပွားနိုင်ပါသည်။ ISO အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံနယ်နိမိတ်အတွင်း၌ ISO Standards များနှင့်ပတ်သက်၍ မည်သို့သောဝန်ဆောင်မှုများ ပေးနေသည်ကို အများပြည်သူသိရှိစေရန်အလို့ငှာ အသိပေးကြေညာခြင်း ပြုလုပ်ရပါမည်။ ဖွံ့ဖြိုးတိုးတက်လာသည့်နိုင်ငံများသည် အသိအမှတ်ပြုအဖွဲ့ဝင်အဖြစ် ငါးနှစ်ပြည့်ပြီးလျှင် စာပေးစာယူအဖွဲ့ဝင်(သို့မဟုတ်) တင်းပြည့်အဖွဲ့ဝင်အဖြစ် တိုးမြှင့်လျှောက်ထားရမည်။ တင်းပြည့်အဖွဲ့ဝင်အဖြစ် လျှောက်ထားသည့်နိုင်ငံသည် (သို့မဟုတ်) အဖွဲ့အစည်းသည် လျှောက်လွှာတွင် ISOမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့်အပြင် မိမိအဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်ပုံနှင့် စံချိန်စံညွှန်းလုပ်ငန်းများ ဆောင်ရွက်ပုံ အချက်အလက်များကို စတင်တည်ထောင်သည့် ကာလမှစ၍ ဖော်ပြရပါမည်။**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထား၍ ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈နာရီတွင် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာဝန်ထမ်းများက လှိုင်သာယာမြို့နယ် ညောင်တုန်း လမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးရေနုတ်မြောင်းမှ အမှိုက်သရိုက်များ ဆယ်ယူနေမှု၊ ပေါင်းမြက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀၀ ကျော်တို့သည် လှိုင်သာယာမြို့နယ် မီးခွက်ဈေးမှ ခရိုင်မီးသတ်ဦးစီးဌာနရုံးအထိ ညောင်တုန်းလမ်းမကြီးတစ်လျှောက် အရှည်တစ်မိုင်ခွဲခန့်၌ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းက မြို့နယ်အသင်း၏ အင်အားအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှု အခြေအနေများနှင့် အသင်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်ကွက်စည်းရုံးရေးမှူးများက ရပ်ကွက်အလိုက်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေဖြင့် ပြည်သူများအား စည်းရုံးရေးဖြင့် အောင်မြင်ရေး၊ အောင်မြင်ရေးဖြင့် စည်းရုံးရေးဟူသည့် ဆောင်ပုဒ်အတိုင်း ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် အသင်းကြီး၏ ဦးတည်ချက် ရည်မှန်းချက်များ အောင်မြင်စေရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အသင်းဝင်များသည် မိမိတို့၏ မြို့နယ် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင် မိမိတို့ တတ်နိုင်သည့်ဘက်မှ တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကာလသည် မိုးရာသီကာလဖြစ်သဖြင့် ကျန်းမာရေး ထိခိုက်စေနိုင်သည့် သွေးလွန်တုပ်ကွေးနှင့် အခြားရောဂါများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းဘေးချုံနွယ်များ ရှင်းလင်းရေး လုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုကာ အခြားလူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝတ္တရားအရ ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ ကြိုးပမ်း ဆောင်ရွက်သွားကြမည်ဆိုပါက ပြည်သူ့အကျိုးပြု အသင်းကြီးဖြစ်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများနှင့် အသင်းဝင်မိသားစုများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် ရွှေလင်ပန်း ကျေးရွာစည်းရုံးရေးမှူး ဦးအေးတင့်တို့က လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ၊ မူဝါဒလမ်းစဉ် (၇)ရပ် ဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ဩဂုတ် ၅ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းရုံးခန်း၌ အခြေခံစည်းရုံးရေးသင်တန်းမှ သင်တန်းသား ၁၀၀ အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တို့နှင့် ပတ်သက်၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင် နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၁) ကျောင်းခန်းမတွင် ဩဂုတ် ၆ ရက်က ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် တက်ရောက်အမှာစကားပြောကြားစဉ်။

(၃၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇–၈–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၂၀	၇။	ကွန်ချောင်းရေလှောင်တမံ
၈း၃၀	၈။	International News.
၈း၄၅	၉။	Say it in English.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား (အပိုင်း–၂၇)**
၁၂း၂၀	၅။	**(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘောလုံး) (အမျိုးသမီး)**
၁၂း၃၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ခြင်းစေရာ" (နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးပွိုက်)]**
၂း၂၀	၇။	တေးဂီတအစီအစဉ်
၂း၃၅	၈။	မန်းချောင်းတံတား
၂း၄၅	၉။	International News.
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use.
၄း၄၅	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅း၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅	၆။	၂၀၀၅ ခုနှစ်၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ)(ဝါသနာရှင်အဆင့်)(အမျိုးသား/အမျိုးသမီး)
၅း၂၅	၇။	လက်ဆင့်ကမ်းအမွေ
၅း၃၀	၈။	တေးဂီတအစီအစဉ်
၅း၄၅	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀	၁၀။	ညနေခင်းသတင်း
၇း၀၀	၁၁။	မိုးလေဝသအခြေအနေ
၇း၀၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း–၄၆)**
၇း၃၀	၁၃။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇း၄၀	၁၄။	ကလေးလူငယ်အာဟာရ အနာဂတ်အတွက်အုတ်မြစ်ချ
၇း၅၀	၁၅။	**(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဂျူဒို)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၆၅)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်။

❐ **ရှေ့ဖုံးမှ**

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကား

ယင်းနောက် သဘာပတိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်၏ တောင်းဆိုမှုကြောင့် တပ်မတော်သည် နိုင်ငံတာဝန်ကို မလွှဲမရှောင်သာယူခဲ့ရပြီး ယနေ့ ၁၇နှစ်တာကာလအတွင်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို မှန်ကန်စွာဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ နိုင်ငံတော် အတွင်း ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်နေသည် များကို တွေ့မြင်နေကြရပြီဖြစ်ပါကြောင်း၊ ကာကွယ်ရေးစွမ်းအား၊ စည်းရုံးရေး စွမ်းအားများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းကြောင့် ခေတ်အဆက်ဆက်ကရှိခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ၁၇ဖွဲ့သည် ငြိမ်းချမ်းရေးရယူပြီး ၎င်းတို့ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်နေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း ဒေသအနှံ့အပြား၌ ငြိမ်းချမ်းသွားခြင်း ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ အလွန်ဝမ်းသာစရာကောင်းသော အခြေအနေများပင် ဖြစ်ပါ ကြောင်း၊ ထို့ကြောင့်လည်း ယနေ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည် ချက်(၁၂)ရပ် လက်ကိုင်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ကာ စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီကို ညီညာဖြဖြ ချီတက်နေကြပြီဖြစ်ပါကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသော လူမှုရေးအသင်းအဖွဲ့များ ကိုလည်း ဖွဲ့စည်းထားနိုင်ပြီဖြစ်ပါကြောင်း၊ ဤအဖွဲ့အစည်းများသည် တကယ် တော့ ပြည်သူများထဲက ပေါက်ဖွားလာသော ပြည်သူ့စွမ်းအားများပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၊ မိမိတို့တိုင်းရင်းသားလူမျိုး ပြည်သူ များသည် ခေတ်မီရွှေနိုင်ငံသစ်ကြီးဆီသို့ ဦးတည်ချက်၊ရည်မှန်းချက်များနှင့် အညီ ရှင်လန်းတက်ကြွစွာ ချီတက်နေသောအချိန်တွင် အနောက်အုပ်စု အင်အားကြီးနိုင်ငံများ၏ အားပေးသွေးထိုးမြှောက်ပင့်မှုများကြောင့် အဖျက် သမားအုပ်စုများသည် ပြည်ပတစ်နေရာ၌ စင်ပြိုင်အစိုးရဖွဲ့မှုများ၊ အဓိပ္ပာယ် ကင်းမဲ့သည့် နိုင်ငံရေးတောင်းဆိုမှုများ၊ အကြမ်းဖက် ဗုံးခွဲဖျက်ဆီးမှုများ၊ အမေကျော် ဒွေးတော်လွမ်း၊ သူခိုးဓားရိုးကမ်းသော လုပ်ရပ်များကို စဉ်ဆက် မပြတ် လုပ်ဆောင်လာကြပါကြောင်း၊ ယင်းကဲ့သို့ လူနှစ်ယောက်တစ်ပိုင်း

> မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားလာခြင်းကြောင့် ကိုလိုနီနယ်ချဲ့ လက်သစ်များသည် ထင်သာမြင်သာသည့် စစ်ရေးအင်အား အသုံးပြုမှု၊ နယ်ပယ်ချဲ့ထွင်မှု၊ အနိုင့်အထက်ပြုမှုများအစား လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု မျက်နှာစာများမှ သော်လည်းကောင်း၊ သတင်းနှင့် ပြန်ကြားရေးမီဒီယာများ အသုံးပြု၍ သော်လည်းကောင်း စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လျက်ရှိ။

> **“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။** (သတင်းစဉ်)

လောက်မျှ ဖွဲ့ထားသော အစိုးရအဖွဲ့ဖြင့် မည်ကဲ့သို့ တိုင်းပြည်အုပ်ချုပ် နိုင်မည်လဲ၊ တိုင်းပြည်နှင့်လူမျိုး တိုးတက်အောင် လုပ်ပေးချင်ပါသည် ဆိုသည့် ယင်းအဖွဲ့များက ပြည်သူများသေကျေပျက်စီး၊ ဒုက္ခကြီးစွာ ဝမ်းနည်း ပူဆွေးသောကရောက်အောင် ပြီးခဲ့သောမေလ ၇ရက်က ပြည်သူများကြား ဗုံးသုံးလုံးဖောက်ခွဲခဲ့ခြင်းသည် ရက်စက်ယုတ်မာသည့် လုပ်ရပ်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ ၎င်းသည် လတ်တလောထင်ရှားပြီး စိတ်မကောင်းစရာ၊ ကြောက်လန့်စရာကောင်းသောဖြစ်ရပ်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ အလားတူ ဖြစ်ရပ်များ များစွာရှိပါကြောင်း။

ဆန္ဒအမှန်

ယင်းကဲ့သို့ တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်း၊ ပြည်သူများ ဒုက္ခ ရောက်ရာရောက်ကြောင်း လုပ်နေခြင်းသည် အနောက်အုပ်စု အင်အားကြီး နိုင်ငံအချို့က မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများ၌ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်နေမှုကြောင့် ဖြစ်ပါကြောင်း၊ ရိုးရိုးရှင်းရှင်းလေး တင်ပြရမည်ဆိုလျှင် ယင်းနိုင်ငံကြီးများက ၁၈၈၅ခုနှစ်က ကဲ့သို့ပင် မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ချင်နေကြပါကြောင်း။

ပြည်တွင်းပြည်ပအဖျက်သမားအုပ်စုများသည် မိမိတို့နိုင်ငံကို မည်ကဲ့သို့ ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသည်၊ ထို့ကြောင့် ပြည်သူများက ယင်း ပြည်တွင်းပြည်ပ အဖျက်သမားများအပေါ် မည်ကဲ့သို့ သဘောထားသည် ဆိုသည်ကို မကြာသေးမီကမှ ကျင်းပပြီးစီးသွားသော မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ ညီလာခံနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတို့၌ ပြည်သူများ၏ ဆန္ဒအမှန်ကို ဖွင့်ထုတ်ပြောကြားသွားကြပြီးဖြစ်ပါကြောင်း။

အနောက်အုပ်စု ပြည်ပနိုင်ငံအချို့သည် ပြည်တွင်း၌ရှိသည့် နိုင်ငံရေး အဖွဲ့အစည်းများ၊ နယ်စပ်ဒေသအချို့နှင့် ပြည်ပ၌တရားမဝင် ဖွဲ့စည်းထားသည့် ဥပဒေဘောင်အပြင်ဘက်က ABSDF အဖွဲ့၊ FTUB အဖွဲ့၊ NCGUB အဖွဲ့၊ ပြည်ပြေးစဝ်ခမ်ဖ၏ စင်ပြိုင်အစိုးရအဖွဲ့ စသည့်အဖွဲ့အစည်းများကို ငွေကြေးနှင့် ပစ္စည်းများထောက်ပံ့ပေးကာ နိုင်ငံရေးစင်မြင့်တင်ပြီး တိုင်းပြည် ဆူပူဆန့်ကျင် မှုများဖြစ်အောင် အမျိုးမျိုးလှုံ့ဆော်ပေးနေကြပါကြောင်း၊ ပြည်သူများ ထိခိုက် သေကျေဒဏ်ရာရအောင် နိုင်ငံအတွင်း အဆောက်အအုံ၊ လမ်းတံတား စသည်များဆုံးရှုံးအောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ခိုင်းနေပါ ကြောင်း၊ နောက်ဆုံးအနေဖြင့် ကမ္ဘာ့နိုင်ငံများ၏ အလုပ်သမားများကောင်းကျိုး ရှေးရှုပြီး ရည်ရွယ်ဖွဲ့စည်းထားသည့် ILO ကဲ့သို့သော အဖွဲ့အစည်းကိုပင် နိုင်ငံရေးစင်မြင့်ပေါ်ရောက်အောင် ဖန်တီးပြီး ILO အဖွဲ့မှတစ်ဆင့် နိုင်ငံရေး စွက်ဖက်နှောင့်ယှက်မှုများ လုပ်လာပါကြောင်း၊ ယင်းအနောက်အုပ်စု နိုင်ငံကြီးများက ကမ္ဘာပေါ်၌ သူတစ်ပါးနိုင်ငံများအပေါ် နယ်ချဲ့ရာတွင် ဝါရင့်၊ သမ္ဘာရင့်နေသော နိုင်ငံကြီးများဖြစ်ပါကြောင်း၊ ဤနည်းလမ်းများနှင့် မရလျှင် တခြားနည်းလမ်းများဖြင့် မိမိတို့နိုင်ငံအပေါ် ကျူးကျော်နယ်ချဲ့ လာကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီးပြိုကွဲမသွားအောင် ရရှိပြီးသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲမသွားအောင်၊ မိမိတို့ မြန်မာနိုင်ငံတော်ကြီး၏

မိမိနိုင်ငံအပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်
တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်သူလူ

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေအောင်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်အောင် မိမိတို့ ပြည်သူတစ်ရပ်လုံးက စွမ်းအားအပြည့် စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်တွင်းပြည်ပ အဖျက် သမားများ၏အန္တရာယ်ကို မမှိတ်မသုန် မျက်ခြည်မပြတ် စောင့်ကြည့်ပြီး စုပေါင်းတွန်းလှန် ကာကွယ်ကြပါစို့ဟု အလေးအနက် တိုက်တွန်းပြောကြား ရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ကြိုးစားကာကွယ်

ဆက်လက်၍ မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဦးကျော်ဌေးဝင်းက **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မည်သည့်နိုင်ငံမဆို ပဓာနကျသည်မှာ ပြည်သူများပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံအပေါ်တွင် သစ္စာစောင့်သိပြီး နိုင်ငံတော်ကို ချစ်မြတ်နိုးသောစိတ်များ၊ တစ်နည်းပြောရလျှင် ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် ပြည်သူလူထုကြီးရှိရမည်ဖြစ်ကြောင်း၊ အဆိုပါ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်သူလူထုကြီးသည် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရင်း ဖွံ့ဖြိုးတိုးတက်အောင်လည်း တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ တစ်ခုတည်းသော အလံတော်အောက်တွင် အချုပ်အခြာအာဏာပိုင်အဖြစ် တညီတညွတ်တည်း၊ သဘောထားအမြင်တစ်ခုတည်း၊ နှလုံးသား ထပ်တူထပ်မျှ တစ်စိတ်တစ်ဝမ်းတည်း အတူလက်တွဲ၍ အစဉ်အမြဲ ဖွံ့ဖြိုးနေမည့်နိုင်ငံတော် သစ်အဖြစ် တည်ရှိနေရန်နှင့် ဒေသစွဲ အမြင်ကျဉ်းမှုများ ပပျောက်ကင်းရှင်းရန် အားလုံးသော အဖွဲ့အစည်းများသည် နိုင်ငံတော်ကိုသာ သစ္စာခံရန်၊ နိုင်ငံသားတို့ ကောင်းစားရေးကို တစ်မျိုးသားလုံးစုစည်းပြီး ရှေးရှုကြိုးပမ်းကြရန် အရေးကြီး ကြောင်းနှင့် ပြည်တွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ အချုပ်အခြာအာဏာ အပြည့်အဝရှိရန် လိုအပ်ပါကြောင်း၊ **“ဟိုလူ့မျက်နှာချိုသွေးရ ဒီလူ့မျက်နှာ ချိုသွေးရ”** အချုပ်အခြာအာဏာပိုင်ဆိုင်မှုမရှိသော သြဇာခံနိုင်ငံမျိုးမဖြစ်အောင် ကြိုးစားကာကွယ်တည်ဆောက်ကြရန် လိုအပ်ပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသနှင့်တကွ နယ်မြေဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေခြင်းကြောင့် စီးပွား ရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာ နေပြီဖြစ်ကြောင်း။

အောင်မြင်မှုကြီး

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုအပြည့်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြောင်း၊ ယခု အခါ တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့၏ ဒေသတွင်းသာမက နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်သည့် လုပ်ငန်းများ၌ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်နေ ကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် တက်လာသမျှသော မည်သည့်အစိုးရမျှ မဆောင်ရွက်နိုင်ခဲ့သည့် သိမ်မွေ့နက်နဲခက်ခဲသော အောင်မြင် မှုကြီးတစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်၍ အောင်မြင်မှုရရှိနေ သည်ကို မလိုလား မရှုဆိတ်သော ပြည်တွင်းပြည်ပ အဖျက်သမားများကလည်း နည်းမျိုးစုံဖြင့် သွေးခွဲသပ်လျှိ ဟန့်တားနှောင့်ယှက်နေကြကြောင်း၊ အထူးသဖြင့် ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်ဦးစီးသည့် ပြည်ပြေးရာဇဝတ်သား အကြမ်းဖက် အဖျက်သမားအုပ်စုက နိုင်ငံတော် တည်ငြိမ်ရေးပျက်ပြားအောင်၊ တိုင်းပြည် စီးပွားရေးကျဆင်းအောင်၊ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် ပျက်စီး



ဆုံးရှုံးအောင် အကြမ်းဖက်လုပ်ရပ်များကို အဆ
ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့
ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နက်ရှိုင်းမြင့်မြတ်**
များကသာ နိုင်ငံတော်ကို အမှန်အကန် တို
ဖြစ်ကြောင်း၊ ကိုလိုနီသြဇာခံ အမြင်ကျဉ်းမြောင်
နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို
အခိုင်အမာပြောလိုကြောင်း၊ အမြင်ကျဉ်း
မျှော်မှန်းချက်မှာ ယနေ့နိုင်ငံတော်ကြီးကို
တို့၏အကျိုးစီးပွားနှင့် လုံးဝ ဆန့်ကျင်ဘက်
ပြည်သူလူထုသည် ကိုလိုနီသြဇာခံ နယ်ချဲ့
အခါကမှ ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့နိုင်
တွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်း
နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီး
ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အမြင်ကျဉ်း
အချို့၏ အန္တရာယ်မှန်သမျှကို မိမိအသက်
နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏
အရောက်တက်လှမ်းသွားရန်ဖြစ်ကြောင်း”
အဆိုပါ သြဝါဒစကားသည် တစ်မျိုးသားလုံး
ကျင့်သုံးသွားရမည့် အမျိုးသားရေးခံယူချက်၊
အမျိုးသားရေးသတိပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံတော်ကို
ပြည်ပ အဖျက်သမားမှန်သမျှကို ပြည်ထောင်
တိုင်းရင်းသားလူမျိုးများအားလုံး ပါဝင်သော
အင်အားစုများအားလုံးက ခိုင်ခိုင်မြဲမြဲလက်တွဲ
ပြည်ထောင်စုဖြိုခွဲသူမှန်သမျှ၊ အဖျက်သမားမ

> **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး” နှင့် ပတ်သက်၍ မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးကျော်ဌေး တင်ပြစဉ်။** (သတင်းစဉ်)



> **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး” နှင့် ပတ်သက်၍ မြိတ်ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်သင်းသင်းအေး ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

> **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး” နှင့် ပတ်သက်၍ မြိတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင်ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)



...စောင့်သိပြီး နိုင်ငံတော်ကို ချစ်မြတ်နိုးသောစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် ပြည်သူလူထုကြီးရှိရမည်
...းစုံပါဝင်သည့် ပြည်သူလူထုကြီးသည် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရင်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရမည်

ဆုံးရှုံးအောင် အကြမ်းဖက်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက်ရှိသူများကသာ နိုင်ငံတော်ကို အမှန်အကန် တိုးတက်အောင် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကိုလိုနီသြဇာခံ အမြင်ကျဉ်းမြောင်းသည့် ပဒေသရာဇ်ဉာဉ်မျိုးဖြင့် နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ဖန်တီးနိုင်မည်မဟုတ်ဘူးဟု အခိုင်အမာပြောလိုကြောင်း၊ အမြင်ကျဉ်းဝါဒီတချို့၏ တူရူချက်နှင့် မျှော်မှန်းချက်မှာ ယနေ့နိုင်ငံတော်ကြီးကို တည်ဆောက်နေသည့် ပြည်သူတို့၏အကျိုးစီးပွားနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံပြည်သူလူထုသည် ကိုလိုနီသြဇာခံ နယ်ချဲ့လက်ပါးစေများကို မည်သည့်အခါကမှ ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့နိုင်ငံ၏ သမိုင်းမှာ အထင်အရှားတွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားအချို့က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားအချို့၏ အန္တရာယ်မှန်သမျှကို မိမိအသက်ဟူသော အကြောင်းကြောင့်ပင် နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ အရောက်တက်လှမ်းသွားရန်ဖြစ်ကြောင်း"** မြွက်ကြားသွားခဲ့ပါကြောင်း၊ အဆိုပါ သြဝါဒစကားသည် တစ်မျိုးသားလုံး၏ တာဝန်ဖြစ်သကဲ့သို့ ခံယူကျင့်သုံးသွားရမည့် အမျိုးသားရေးခံယူချက်၊ အမျိုးသားရေး အစဉ်အလာနှင့် အမျိုးသားရေးသတိပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံတော်ကို အန္တရာယ်ပြုလာသည့် ပြည်တွင်းပြည်ပ အဖျက်သမားမှန်သမျှကို ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့် မိမိတို့ တိုင်းရင်းသားလူမျိုးများအားလုံး ပါဝင်သော အသင်းဝင်များနှင့် မိတ်ဖက်အင်အားစုများအားလုံးက ခိုင်ခိုင်မြဲမြဲလက်တွဲပြီး မိမိနိုင်ငံနှင့် လူမျိုးအတွက် ပြည်ထောင်စုဖြိုခွဲသူမှန်သမျှ၊ အဖျက်သမားမှန်သမျှကို ကျရာကဏ္ဍမှနေ၍



"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး" နှင့် ပတ်သက်၍ မြိတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင်ထောက်ခံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို တနင်္သာရီတိုင်း မြိတ်မြို့ တိုင်းရန်အောင်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

စွမ်းစွမ်းတမံ ကာကွယ်သွားကြပါစို့ဟု တိုက်တွန်းကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

တည်ဆောက်ပေးခဲ့

ထို့နောက် မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းအေးက ဆက်လက်ဆွေးနွေးရာတွင် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို စတင်ယူသည့်အချိန်တွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် လူမှုစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းရှိ အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားများကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း အမျိုးသားရေးစည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ စသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အကျိုးရလဒ်ကောင်းများစွာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး ဘက်စုံထောင့်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များချမှတ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီး စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

အကြမ်းဖက်လုပ်ဆောင်

ယနေ့ မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားလာခြင်းကြောင့် ကိုလိုနီနယ်ချဲ့လက်သစ်များသည် ထင်သာမြင်သာသည့် စစ်ရေးအင်အားအသုံးပြုမှု၊ နယ်ပယ်ချဲ့ထွင်မှု၊ အနိုင့်အထက်ပြုမှုများအစား လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု မျက်နှာစာများမှသော်လည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေးမီဒီယာများ အသုံးပြု၍ သော်လည်းကောင်း စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လျက်ရှိနေကြကြောင်း၊ ထို့အပြင် အကြမ်းဖက် အဖျက်အမှောင့်သမားများသည် အများပြည်သူကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း တစ်ယောက်ချင်းဖြင့် လျှို့ဝှက်သွားလာ ဝင်ထွက်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

ယင်းသို့သောအခြေအနေတွင် အဖျက်သဘောဆောင်သော အလေးအနက်ထားရမည့်ဖြစ်စဉ်အချို့ကို တင်ပြလိုကြောင်း၊ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒို့တာဝန်အရေးသုံးပါး ထိခိုက်ဆုံးရှုံးစေလိုသည့် အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံကို ရည်ရွယ်ချက်အမျိုးမျိုး နည်းလမ်းပေါင်းစုံဖြင့် ချုပ်ကိုင်ခြယ်လှယ်နိုင်ရန်အတွက် အဖျက်သမားများကို ထောက်ပံ့မြှောက်ပင့် ခြယ်လှယ်လျက်ရှိသည်ကိုလည်း အထင်အရှားတွေ့ကြရမှာဖြစ်ကြောင်း။

ပြည်သူများအပေါ် ရက်စက်ယုတ်မာသည့်လုပ်ရပ်ဖြစ်သော ဖောက်ခွဲဖျက်ဆီးမှုဖြစ်စဉ်သည် ABSDF၊ NCGUB၊ FTUB၊ NLD(LA)တို့က အနောက်နိုင်ငံဆရာကြီးများ၏ အားပေးကူညီမှုဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ မေလပထမပတ်အတွင်းက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ပြည်တွင်း

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မြိတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ဝင်းယုယုဖြိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နီလာမြင့်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်ပ အဖျက်သမားအဖွဲ့များနှင့် ပြည်ပမှဆရာကြီးအချို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းကြောင့် ဗုံးပေါက်ကွဲမှုတွင် အပြစ်မဲ့ ရဟန်းရှင်၊ လူ၊ ပြည်သူများ သေကျေထိခိုက် ဒဏ်ရာရမှုများ ဖြစ်ခဲ့ရကြောင်း။

ကာကွယ်တော်လှန်

ယခုကဲ့သို့ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ခြိမ်းခြောက်အနှောင့်အယှက်ပြုနေသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်ဟူသမျှကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး မပြတ်သော အမျိုးသားရေးသတိဖြင့်ယှဉ်၍ စည်းလုံးညီညွတ်စွာ ကာကွယ်တော်လှန်သွားမည် ဖြစ်ကြောင်း။

နိဂုံးချုပ်တင်ပြလိုသည်မှာ ယနေ့ကာလတွင် ရရှိထားသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အဟန့်အတားဖြစ်စေမည့် မည်သည့်နှောင့်ယှက်မှုမျိုးကိုမဆို တားဆီးကာကွယ်ကြရမည့်တာဝန်သည် မိမိတို့ ပြည်သူများ၏ပခုံးပေါ် ကျရောက်လာခဲ့ပြီဖြစ်ရာ ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း ကာကွယ်သွားနိုင်ရန် ပြည်တွင်းပြည်ပ အဖျက်သမားဟူသမျှကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် စွမ်းစွမ်းတမံ ကာကွယ်သွားကြပါဟု တိုက်တွန်းကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင်က မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဦးကျော်ဌေးဝင်းနှင့် မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းအေးတို့ တင်သွင်းသွားသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အမျိုးသားရေးမူဝါဒ

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းသီက **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး မပြိုကွဲရေးသည် ပဓာနကျ

● စာမျက်နှာ ၉ မှ

နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားအကျိုးစီးပွားဘဝ တိုးတက်ခိုင်မာ တောင့်တင်းစေရေးနှင့် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး ရည်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤသို့အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး မပြိုကွဲရေးသည် ပဓာနကျသည့် အခြေခံ အချက်များဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများ ချမှတ်ခဲ့ကြောင်း။

အဆိုပါ အမျိုးသားရေးမူဝါဒများနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်ကို စနစ်တကျ ချီတက်လျက်ရှိနေကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် မိမိတို့တိုင်းရင်းသားလူမျိုး အသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့်အလမ်းများကို မြင့်မြင့်မားမားအစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးသည် အလွန်အရေးကြီးလှကြောင်း။

“ ဒို့ တာ ဝန် အရေး (၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်း သာယာ ရေး၊ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး”နှင့်ပတ်သက်၍ မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမျိုးသန့်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် လက်ရှိနိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး အခြေအနေ အရပ်ရပ်နှင့်အညီ နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများနှင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ညှိနှိုင်းရရှိခဲ့

နိုင်ငံတော်အတွက် အရေးပါလှသည့် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း ကျင်းပနိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူ(၁၀၄)ချက်အတည်ပြုနိုင်ခဲ့ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခန်းသုံးခု၏ အသေးစိတ်အခြေခံရမည့်မူများကိုလည်း ညှိနှိုင်းရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါညီလာခံကြီးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြကြောင်း။

ယခုကဲ့သို့ အမျိုးသားညီလာခံကြီးကို တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များကို လေ့လာကြည့်ပါကလည်း ပညာတတ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေရေး၊ တရားစီရင်ရေး၊တိုင်းရင်းသားရေး စသည့် ကဏ္ဍစုံတွင် အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတကြွယ်ဝသူများ ပြည့်ပြည့်စုံစုံ ပါဝင်သည်ကို မြင်တွေ့ရမှာဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် မိမိနိုင်ငံ ရေမြေသဘာဝ ယဉ်ကျေးမှုဓလေ့ထုံးစံ သမိုင်းကြောင်း အစဉ်အလာ၊ နိုင်ငံရေး၊ စီးပွားရေး အနေအထား စသည်တို့နှင့် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲလေ့ရှိပါကြောင်း။

ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတော်အတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ပေါင်းထောင်ချီ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်သော၊ မိမိနိုင်ငံနှင့် လူမျိုးတို့၏ အမျိုးဂုဏ်၊ဇာတိဂုဏ် မထိပါးစေသော၊ အမျိုးသားရေးလက္ခဏာများကို မယိုယွင်းစေသော၊ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီစနစ်ပီပြင်ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးတွင် အာမခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာစေရန် အခြေခံမူကောင်းများ ရေးဆွဲလျက်ရှိနေပြီဖြစ်ကြောင်း။

ဝမ်းမြောက်ကြိုဆို

တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို နားလည်သဘောပေါက်ပြီး တိုင်းရင်းသား လက်နက်ကိုင်(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးကြပြီဖြစ်ကြောင်း၊ ပြီးခဲ့သောဧပြီလနှင့် မေလတွင် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA အဖွဲ့၊ SSNA တပ်မဟာ(၁၁)မှ ဦးကန်န ခေါင်းဆောင်သော အဖွဲ့၊ SSNA တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေးခေါင်းဆောင်သောအဖွဲ့တို့မှ တိုင်းရင်းသားညီအစ်ကိုများသည် ရဲရဲဝံ့ဝံ့ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်များဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ပွဲ ပြုလုပ်ခဲ့သည်ကိုတွေ့လိုက်ရသည့်အတွက် မိမိတို့ တနင်္သာရီတိုင်းအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝမ်းမြောက်ကြိုဆိုဂုဏ်ယူမိပါကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု အရှိန်အဟုန် မြင့်မားလျက်ရှိနေချိန်ကာလတွင် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား တိုင်းတစ်ပါး၏ သြဇာခံ ကိုလိုနီကျွန်နံ့ မပျောက်သေးသော ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့က ဧပြီ ၁၇ရက်တွင် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရ ဆိုသည့်အဖွဲ့ကို ဖွဲ့စည်းကြောင်းနှင့် ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ်

“ ဒို့ တာ ဝန် အရေး (၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်း သာ ယာ ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည် ဆောက် မှုများနှင့် နိုင်ငံတော် ရှေ့ ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ရေး” နှင့် ပတ် သက် ၍ တ န သ်ာ ရီ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းသီ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တည်ဆောက်ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်သည် ယခုမှ ချက်ချင်းပေါ်ပေါက်လာသော သွေးရိုးသားရိုးဖြစ်စဉ် မဟုတ်ကြောင်း၊ ပြည်ပအားကိုးပြီး ပြည်ပ၏ ညွှန်ကြားသည့်အတိုင်း အစဉ်တစိုက် လုပ်လာခဲ့သည့် လုပ်ရပ်များ၏ အဆက်ဖြစ်သည်ကို ယနေ့လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်ဗိုလ်တစ်မင်း တစ်တောတစ်ဖဝါဒဆိုသည့် စိတ်ဓာတ်ကို ရှောင်ရှားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသောအမိမြေ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးတန်ဖိုးထားလျက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကိုစုပေါင်းကာကွယ် စောင့်ရှောက်ခြင်းဆိုသည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အတူလက်တွဲပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်ပေးနေပါကြောင်း၊ မိမိတို့ပြည်သူလူထုအနေဖြင့်လည်း အမိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်တိုင်းနှင့် ပြည်နယ်ကိုမျှ ပြည်ထောင်စုကြီးမှ ခွဲထွက်ခြင်းကို လုံးဝလက်မခံကြောင်းနှင့် ပြည်ပြေးစဝ်ခမ်ဖခေါင်းဆောင်သော ရှမ်းပြည်ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းမှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း၊ ပြည်ထောင်စုကြီးမှခွဲထွက်မည့်အကြံအစည်ဟူသမျှကို လုံးဝလက်မခံကြောင်းနှင့် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာသူဟူသမျှ လုံးဝဆန့်ကျင်ပါကြောင်း ဤနေရာမှနေ၍ လေးလေးနက်နက် အတိအလင်း ကြေညာလိုက်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

လမ်းစဉ်ချမှတ်ထား

ဆက်လက်၍ မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီး မျိုးသန့်(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် မိမိတို့စစ်မှုထမ်းဟောင်း အဖွဲ့များသည် တပ်မတော်သားဘဝဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြပြီး ယခုအခါ တပ်မတော်မှ အငြိမ်းစားယူခဲ့ကြပြီဖြစ်သော်လည်း စစ်မှုထမ်းဟောင်းအဖွဲ့တွင် ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နိုင်ငံနှင့် လူမျိုးအကျိုးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ မိတ်ဖက်လူမှုရေးအဖွဲ့ အစည်းများ၊ ပြည်သူများနှင့် လက်တွဲပြီး ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြရန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကလည်း မူဝါဒလမ်းစဉ်များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း။

မိမိတို့တိုင်းရင်းသားလူမျိုး ပြည်သူ ပြည်သားများသည် သဘာဝအရ မိမိခြံ၊ မိမိအိမ်ကို မိတ်ဆွေအဖြစ်၊ အပြန်အလှန် အကျိုးစီးပွားလိုလားသူအဖြစ် ဝင်ရောက်လာခဲ့လျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုတတ်ကြကြောင်း၊ နောင်ရေရှည် အကျိုးစီးပွားအတွက်လည်း ချစ်ခင်ရင်းနှီးစွာ မိတ်ဖွဲ့ပူးပေါင်းပြီး ကူးလူး ဆက်ဆံနေထိုင် ဆောင်ရွက်သွားကြကြောင်း၊ သို့ရာတွင် ရန်ပြုအနိုင်ကျင့်လိုစိတ်ဖြင့် ကျူးကျော်ဝင်ရောက်လာလျှင်မူ မည်သို့မျှခေါင်းငုံ့မခံတတ်ကြဘဲ ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှားပစ်ကြကြောင်း။

ကျူးကျော်ရန်စနေ

ယနေ့အချိန်ကာလတွင် အနောက်အုပ်စုအင်အားကြီးနိုင်ငံတချို့က မိမိတို့နိုင်ငံ၏ နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ပြီး ဗြောင်ကျကျကျူးကျော်ရန်စနေသည်ကို တွေ့မြင်ကြားသိနေရကြောင်း၊ မြန်မာနိုင်ငံ၏နယ်စပ်တောတွင်းဒေသ၌ တရားမဝင်ဖွဲ့စည်းထားသော ဥပဒေဘောင်အပြင်ဘက်မှ နိုင်ငံရေးအဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖျက်သမားများကို နိုင်ငံရေးရာ တရားဝင်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကဲ့သို့ ဆက်သွယ်ဆက်ဆံပြီး ပြည်ပကနေ အဝေးရောက် နိုင်ငံရေး

“ ဒို့ တာ ဝန် အရေး (၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်း သာ ယာ ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည် ဆောက် မှု များနှင့် နိုင်ငံတော် ရှေ့ ဆက် သွား မည့် မူဝါဒလမ်း စဉ်(၇)ရပ် အောင် မြင်ရေးတွင် ပြည် ထောင်စု စိတ် ဓာတ် အပြည့်အဝ ဖြင့် ပူးပေါင်း ပါဝင်ရေး” အဆို ကို တနင်္သာရီ တိုင်း ပြည်ထောင် စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှရီ ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

စင်မြင့်ကို တင်ပေးနေကြောင်း၊ အကျိုးမျှော်ပြီးညောင်ရေသွန်းမှု၊ ထောက်ပံ့မှု၊ စွန့်ကြဲမှုများလုပ်ပေးနေကြောင်း၊ အမည်အမျိုးမျိုးဖြင့် နိုင်ငံရေးအဖွဲ့အစည်း၊ အကြမ်းဖက်အဖွဲ့အစည်းများသည် အနောက်နိုင်ငံကြီး၏ ညွှန်ကြားခိုင်းစေချက်အတိုင်း လှုပ်ရှားမှုများ၊ ပြောဆိုမှုများ၊ အကြမ်းဖက်ဖောက်ခွဲမှုများကို အဆက်မပြတ် ပြုလုပ်နေကြကြောင်း။

မိမိတို့နိုင်ငံ၌ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစွာနှင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များ လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အမည်ခံ ပြည်ပြေး စိန်ဝင်းဦးစီးသည့် NCGUB အဖွဲ့က စင်ပြိုင်အစိုးရဖွဲ့ပြီး အကြမ်းဖက် လုပ်ရပ်လုပ်နေသည်များ၊ ပြည်ပြေး စဝ်ခမ်ဖဦးစီးသည့်အဖွဲ့က စင်ပြိုင်အစိုးရ ဖွဲ့ပြီး လှုပ်ရှားလာမှုများ၊ ပြည်သစ် ညွှန့်ဝေ(ခ)မောင်မောင်ဦးစီးသည့် FTUB အဖွဲ့၊ သံခဲဦးစီးသည့် ABSDFအဖွဲ့နှင့် ၎င်းတို့နှင့် ဆက်စပ်နေသော အခြား အကြမ်းဖက်အဖွဲ့များက တိုင်းပြည်နှင့် လူမျိုးပျက်စီးအောင်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများပျက်စီးအောင် အဆက်မပြတ်လုပ်ဆောင်နေကြ၍ပင် ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်

မကြာသေးမီက ကျင်းပပြီးစီးသွားသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)၌ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိမိတို့စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်ပြီး **“ဘယ်ခေတ် ဘယ်အခါပဲရောက်ရောက် ရဲဘော်တို့ဟာ တပ်မတော်ရဲ့ ခေါင်းဆောင်မှုအောက်မှာ မျိုးချစ်စိတ်ဓာတ် ထက်သန်စွာနဲ့ ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ကြဖို့ မှာကြားလိုတယ်”** ဟု လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ ယင်းမြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံက ရှေ့လုပ်ငန်းစဉ်အဖြစ်–

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▶

စာမျက်နှာ ၁၀ မှ

- ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်ချက်အဖြစ်ခံယူ၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးတို့အတွက် **ကြိုးပမ်းဆောင်ရွက်ရန်၊**
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်သူတို့နှင့် လက်တွဲကာ အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူ၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ကူညီဆောင်ရွက်ရန်၊
- စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ သက်သာချောင်ချိရေးကို ဦးစားပေး ဆောင်ရွက်ပေးရန်နှင့်
- ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ပေးခဲ့ပါကြောင်း။

"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အား ဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ပြည်သူများကြားက ပေါက်ဖွားလာသည့် မိမိတို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးညီညွတ်မှုအင်အားဖြင့် ကာကွယ်ရေးလုပ်ငန်းတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရင်းနှင့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု လုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း အလေးအနက် ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းစသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဒေါ်လှရီက တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းသီနှင့် မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမျိုးသန့် (အငြိမ်းစား)တို့ တင်သွင်းသွားသည့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန်အတွက် အစည်းအဝေး တက်ရောက်လာကြသည့် လူထုကြီး၏ သဘောထားရယူသည်။ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူကြသည့်အတွက် သဘာပတိက ယင်းအဆို နှစ်ရပ်အားအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၅ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တေးဂီတအစီအစဉ်
- ၇:၁၀ မြန်မာ့ရိုးရာခြင်းလုံးအားကစား
- ၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၀ တေးဂီတအစီအစဉ်
- ၇:၃၅ Sunday Talk
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကိုစိုက်ကြစို့
- ၈:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၅၀ ဗွီစီဒီမိတ်ဆက်(နှုတ်မဆက်နဲ့ ငိုချင်တယ်)
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ လျှပ်စစ်မီးဝေဖြာ ဘိုင်းဒါး ကျေးရွာ
- ၉:၂၅ ပြည်တွင်း သတင်းအကျဉ်း
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (မြန်မာ့သိုင်း)
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း သိကောင်းစရာ အပိုင်း(၁)
- ၁၀:၁၅ မိုးလေဝသ ခန့်မှန်းချက်
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ အာဟာရနှင့် ကျန်းမာရေး အပိုင်း(၁)
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ အရောင်များထဲမှ အမျိုးသမီးများ
- ၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဩဂုတ် ၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ မြို့နယ်ရုံးများမှ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေကျပ် ၂၄၉၉၀၀ တန်ဖိုးရှိ စာအုပ် ၃၂၁၀ အုပ် ပေးအပ်လှူဒါန်းပွဲကို တာမွေမြို့နယ် ပြန်/ဆက် ရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံနှင့်အိုင်အက်စ်အို(ISO)

မြန်မာနိုင်ငံတွင် စံသတ်မှတ်ရေးဌာနခွဲတစ်ခုကို ပြည်ထောင်စုမြန်မာနိုင်ငံတော် လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့၏ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့သည်။ စံသတ်မှတ်ရေးဌာနခွဲ ဖွဲ့စည်းပြီးနောက် တစ်နှစ်အကြာ ၁၉၅၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့၏ တင်းပြည့်အဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ အဖွဲ့ဝင်ဖြစ်ခဲ့သည့် ၁၉၅၇ ခုနှစ်မှစ၍ နိုင်ငံတကာ စံသတ်မှတ်ရေး အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံကြီးများမှ ISO အဖွဲ့ဝင်နိုင်ငံ အချင်းချင်း စံချိန် စံညွှန်းများ အခမဲ့လဲလှယ်ရေး သဘောတူညီချက်အရ စံသတ်မှတ်ရေးဌာနခွဲစာကြည့်တိုက်တွင် အိန္ဒိယ၊ ဂျပန်၊ ပြင်သစ်၊ ဩစတြေးလျ၊ ဂျာမနီ၊ မလေးရှား၊ ဗြိတိန်၊ အမေရိကန် စံချိန်စံညွှန်း အုပ်ရေစုစုပေါင်း ငါးသောင်းခန့် ရရှိခဲ့ပါသည်။ ထိုအချိန်က အဆိုပါ စံချိန်စံညွှန်းများကို မှီငြမ်းပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် စံချိန်စံညွှန်းများကို အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ အထည်အလိပ်၊ ဓာတုဗေဒပစ္စည်း၊ စားသောက်ကုန်ပစ္စည်းစသည့် စံသတ်မှတ်ရေး ကော်မတီများ ဖွဲ့စည်း၍ ရေးဆွဲခဲ့ရာ စံချိန်စံညွှန်းအုပ်ရေ ၆၅ အုပ် ပြီးစီးအတည်ပြုနိုင်ခဲ့သော်လည်း ၁၉၆၅ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ပါသည်။

ISO မှ နုတ်ထွက်ခဲ့ရာမှ နှစ် ၄၀ ကျော်ကြာပြီးနောက် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံသည် စံချိန်စံညွှန်း သတ်မှတ်ရေး လုပ်ငန်းများဖွံ့ဖြိုးလာစေရန် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့သို့ စာပေးစာယူအဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ပြီးဖြစ်ကြောင်း သိရပါသည်။ ထို့ပြင် အခြားနိုင်ငံများ၏ စံချိန်စံညွှန်းများကို လေ့လာ နိုင်ခြင်းအားဖြင့် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ကျင့်သုံးနေပြီဖြစ်သော မြန်မာနိုင်ငံတွင် နိုင်ငံအချင်းချင်းကုန်သွယ်ရာ၌ သိထားရမည့် စံချိန်စံညွှန်း သတ်မှတ်ချက်များကို နားလည်ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊ ငါးနှစ်ပြည့်ပါက တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် မျှော်မှန်းထားကြောင်းလည်း သိရှိရပါသည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့သို့ စာပေးစာယူအဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခြင်းဖြင့် ဖွဲ့စည်းဖြစ်ပေါ်ပြီး စက်မှုဇုန်များမှ ပုဂ္ဂလိကအငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး အဆင့်အတန်း မြင့်မားရေးတို့အတွက် အမျိုးသား စံချိန်စံညွှန်းအဖွဲ့နှင့် အမျိုးသားအသိအမှတ်ပြုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပြီး ယင်းအဖွဲ့မှ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဌာနအသီးသီးရှိ ဓာတ်ခွဲခန်းများကို အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခြင်းစသည်တို့ အကောင်အထည်ဖော်ရေးအတွက် လမ်းစဟုဆိုရပေမည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေချိန်တွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့(ISO)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များတွင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် ဌာနဆိုင်ရာများက အောက်ခြေအထိ ကွင်းဆင်းဖြည့်ဆည်းပေး

✧ ယခုနှစ်မှ

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ပဲခူးတိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပဲခူးနှင့်တောင်ငူခရိုင်တို့မှ ပြိုင်ပွဲဝင်မြို့နယ်ကိုယ်စားပြုအသင်းများ၊ သရုပ်ပြကောက်စိုက်အဖွဲ့များနှင့်ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ပဲခူးတိုင်းအရှေ့ခြမ်း၏ ၂၀၀၅-၂၀၀၆ခုနှစ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲကို အောင်မြင်စွာ စိုက်ပျိုးကျင်းပနိုင်သည့်အတွက် ပဲခူးတိုင်း၏ အောင်ပွဲနေ့ဖြစ်သကဲ့သို့ မင်္ဂလာအပေါင်းဖြင့်လည်း ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ကြောင်းကို ပထမဦးစွာ ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများကို အကောင်အထည်ဖော်ပြီး မြို့များမှာသာမက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသတွေအထိ တိုးတက်အောင်၊ တိုးတက်မှုကွာဟချက်တွေ နည်းပါးအောင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ဒေသအနှံ့ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးအပေါ်မှာ မူတည်လျက်ရှိကြောင်း၊ အလားတူစွာ အများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး တိုးတက်မှုသည်လည်း စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်မှ ပြည်တွင်းစားသုံးမှု ဖူလုံပြီးပိုလျှံသည့် သီးနှံများအား နိုင်ငံခြားသို့ တင်ပို့နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးသည် တောင့်တင်း ခိုင်မာလာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် အရေးကြီးသည့် အပြင် ပြည်ပပို့ကုန်ဖြစ်သည့် အဓိကသီးနှံ၁၀မျိုး၊ အမယ်သစ်သုံးမျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးကို ပြည်နယ်နှင့်တိုင်းများအတွက် နှစ်စဉ်လျာထား သတ်မှတ်ချက်များ ချပေးပြီး စီမံကိန်းနှင့်အညီ တိုးတက်အောင် စိုက်ပျိုးစေလျက်ရှိကြောင်း။

အရေးအကြီးဆုံး

အဓိကသီးနှံ၁၀မျိုးအနက် နိုင်ငံတော်အတွက် အရေးကြီးဆုံးဖြစ်သည့် စပါးကို ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း မိုးစပါးဧက၁၅ဒသမ၀၄သန်း၊ နွေစပါးဧက ၃ဒသမ၄၄သန်း၊ အထွက် တင်းသန်း ၁၂၀၀ ရရှိရေးအတွက် နိုင်ငံတော်က လျာထားပြီး ပြည်နယ်နှင့် တိုင်းအသီးသီးကို ကြိုးပမ်းစိုက်ပျိုးရန် နိုင်ငံတော်က သတ်မှတ်ပေးထားသည့်အတွက် ရည်မှန်းချက်ပြည့်မီအောင် အားလုံးကဝိုင်းဝန်းကြိုးပမ်း ကြရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပြည့်မီရေးအတွက် ပြည်နယ်နှင့် တိုင်းအားလုံးက ဝိုင်းဝန်း ကြိုးပမ်းကြသည့်အတွက် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် နိုင်ငံတော် တစ်ခုလုံး မိုးစပါးဧက ၁၃ သန်း၊ နွေစပါးဧက ၂ သန်း စိုက်ပျိုးပြီး စပါးအထွက်တင်း သန်း ၁၀၅၀ ထွက်ရှိကာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါးဧက ၁၄ ဒသမ ၃၉ သန်း၊ နွေစပါးဧက ၂ ဒသမ ၅၅ သန်းစိုက်ပျိုးကာ အထွက်တင်းသန်း ၁၁၈၄ အထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ ပြည်နယ်နှင့် တိုင်းများမှ စပါးစိုက်ပျိုးရေးကို အားသွန်ခွန်စိုက် တိုးတက်ကြိုးပမ်း စိုက်ပျိုးခဲ့သော်လည်း နိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စပါးစိုက်ဧက ရည်မှန်းချက်ပြည့်မီရေးအတွက် ပဲခူးတိုင်းအနေဖြင့် ဒုတိယအများဆုံး စိုက်ပျိုးသည့် တိုင်းတစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံး ရည်မှန်းချက်၏ ၂၁ ရာခိုင်နှုန်း စိုက်ပျိုးနိုင်သည့် တိုင်းဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၂၄ သိန်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးဧက ၂၆သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင်လည်း မိုးစပါးဧက ၂၈ သိန်း တိုးချဲ့စိုက်ပျိုးရန် သတ်မှတ်ခဲ့ပြီး ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ရာ ယနေ့သည် ပဲခူးတိုင်း အရှေ့ပိုင်း၏ မိုးစပါး ရေတော်မိုးတော်အပါအဝင် ဧက ၁၄ သိန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာကောင်းကြောင်း ပြောကြားလိုကြောင်း၊ ဤအောင်မြင်မှုကို ကျေနပ်မနေဘဲ ကျန်ရှိသည့် မိုးစပါးများကို ရာသီကုန်တွင် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် ပဲခူးတိုင်းအနောက်ခြမ်း၏ ရေတော်မိုးတော် မိုးစပါးများကို အချိန်မီ ထွန်တုံးပိတ်နိုင်အောင် ကူညီဆောင်ရွက်ပေးပြီး ယခုနှစ် ပဲခူးတိုင်း တစ်တိုင်းလုံးအတွက် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် မိုးစပါးဧက ၂၈ သိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးကို တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

နွေစပါးအနေဖြင့် ပဲခူးတိုင်းအတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက တစ်သိန်း ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်ရန် သတ်မှတ်ထားရာ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုအချိန်ကတည်းက ပြင်ဆင်စရာရှိသည်များကို ကြိုတင်လုပ်ဆောင်ထားရန် လိုအပ်ကြောင်း၊ ထို့အပြင် နှစ်ရှည်သီးနှံသုံးမျိုးဖြစ်သည့် ဆီအုန်း၊ ရော်ဘာ၊ သစ်ဆိမ့်တို့အနက် ပဲခူးတိုင်းအတွင်း ဖြစ်ထွန်းသည့် ရော်ဘာနှင့် သစ်ဆိမ့်ပင်များ၊ အမယ်သစ်သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ကော်ဖီ၊ငရုတ်ကောင်းတို့ကိုလည်း စိုက်ပျိုးဖြစ်ထွန်းမည့် နေရာများ၌ စီမံကိန်းချမှတ်ပြီး စီးပွားဖြစ် ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် ကြက်၊ ဘဲ မွေးမြူရေးများကိုလည်း တိုးချဲ့မွေးမြူကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူအားလုံး၏ စီးပွားရေးဖြစ်ထွန်းပြီး လူနေမှုအဆင့်အတန်းများ မြင့်မားစေရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးမှ ထွက်ရှိသည့်သီးနှံများ၊ ထုတ်ကုန်များအား ဈေးကွက်သို့ အလျင်အမြန်လွယ်ကူစွာ တင်ပို့ရောင်းချနိုင်ရေးအတွက် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၀၄ စင်းကို ပြည်နယ်နှင့်တိုင်းအနှံ့ တည်ဆောက်ပေးထားပြီး မိုးစပါး၊ နွေစပါးများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆည်မြောင်းတမံပေါင်း ၁၇၆ ခုကို ပြည်နယ်၊ တိုင်းအားလုံးတွင် တည်ဆောက် ပေးထားပြီးဖြစ်သည့်အနက် ပဲခူးတိုင်းအတွင်းတွင် ဆည်တမံ ပေါင်း ၃၆ ခု၊ ရေထိန်းတံခါးငါးခုတို့အား တည်ဆောက်ပေးခဲ့ပြီး ထပ်မံ၍ ဆည်လေးခုကို ဒေသခံပြည်သူများအတွက် တည်ဆောက်ပေးလျက်ရှိကြောင်း။

တိုက်တွန်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပဲခူးတိုင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် အားကိုးရသည့် တိုင်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းစိုက်ပျိုးကြပါ၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်း တိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ကြပါ၊ ဌာနဆိုင်ရာများက စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် အောက်ခြေအဆင့်ထိ ကွင်းဆင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြပါ၊ တောင်သူလယ်သမားများအနေဖြင့်လည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို လေ့လာမှတ်သား စိုက်ပျိုးကြပါ၊ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းရေးတွင် အလေးထား ပါဝင်ဆောင်ရွက် လုပ်ကိုင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကြီးကြပ်ရေးဒိုင်ချုပ် ပဲခူးတိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးအေးက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

စွမ်းရည်ပြိုင်

ဆက်လက်၍ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တောင်ငူခရိုင်နှင့် ပဲခူးခရိုင်တို့မှ ပြိုင်ပွဲဝင်မြို့နယ်ကိုယ်စားပြုအသင်းများနှင့် သရုပ်ပြအဖွဲ့များက ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်း နေရာယူကြပြီး ချိန်မှတ်ဒိုင်က ပြိုင်ပွဲစတင်ရန်အတွက် အချက်ပေး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ရာ ပြိုင်ပွဲဝင်မြို့နယ် ကိုယ်စားပြုအသင်းများက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် များသည် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၊ သရုပ်ပြပွဲနှင့် တိုက်ရိုက်မျိုးစေ့ချ ကိရိယာတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဗဟိုမဏ္ဍပ်၌ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် တတိယဆုရရှိသည့် သနပ်ပင်မြို့နယ် အသင်းအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့် ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အုတ်တွင်းမြို့နယ် အသင်းအား တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပထမဆုရရှိသော ညောင်လေးပင်မြို့နယ် အသင်းအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကို ပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❍ အခြေခံပညာမှ

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်း၌ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဝန်ကြီးဦးသန်းအောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဝန်ကြီး ဦးသန်းအောင် တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁)အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်းတို့၏ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစေရေးအတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်း၍မြို့တော်အတွင်း အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဆောင်ပုဒ်အတိုင်း ပညာရေးရည်မှန်းချက်နှင့်အညီ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပြီး အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် အခြေခံပညာကျောင်းများ၌ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Multi Media Class Room များ၊ Audio Visual Rooms၊ Computer Aided Instruction Rooms နှင့် Language Lab များ ဖွင့်လှစ်ပေးပြီး ငယ်စဉ်ကတည်းကပင် ခေတ်မီသင်ကြားရေးစနစ်များနှင့် ထိတွေ့သင်ယူခွင့်ရရှိစေရန် ဖန်တီးပေးလျက်ရှိကြောင်း။

ရန်ကုန်တိုင်းအနေဖြင့် တိုင်းအတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၆၃ကျောင်းရှိသည့်အနက် ၁၆၃ကျောင်းလုံး၌လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၄၆ကျောင်းရှိသည့်အနက် ၁၂၁ကျောင်း၌လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၂၅၅ကျောင်းရှိသည့်အနက် ၄၄ကျောင်း၌လည်းကောင်း၊ ပညာရည်မြင့်မားရေး အထောက်အကူပြု Three Platform စာသင်ခန်းများ ဖွင့်လှစ်ပေးခဲ့ရာ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၆၆၄ကျောင်းအနက် ၃၂၈ကျောင်း၌ တပ်ဆင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ One Platform နှင့် Two Platform စာသင်ခန်းများကိုလည်း ၁၆၂၇ကျောင်း၌ တပ်ဆင်ဖွင့်လှစ်ပြီး ဖြစ်ကြောင်း။

ယခုကဲ့သို့ ကျောင်းဆောင်သစ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ခံ့ညားထည်ဝါသည့် ကျောင်းဆောင်သစ်ကြီးများ၌ ခေတ်မီပညာရပ်များ လေ့လာသင်ယူမှု အခွင့်အလမ်းများကို ရရှိလာတော့မှာဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြင့်မားစေရေးအတွက် စေတနာရှင်၊ လုပ်ငန်းရှင်များက ယခုကဲ့သို့ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းကြခြင်း၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊ အလှူငွေများ လှူဒါန်းခြင်းဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြု ပါဝင်ဆောင်ရွက်ကြခြင်းအတွက် ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြင်မောင်က ကျောင်းဆောင်သစ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များက ကျောင်းဆောင်သစ်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒေါက်တာဇော်ထွန်း(ရွှေကျားပျံဆောက်လုပ်ရေး)က ငွေကျပ်၁၀သိန်း၊ ဦးရန်ဟော် (Asia Mega ကုမ္ပဏီ) က ငွေကျပ် ခြောက်သိန်း၊ ဦးအောင်မင်း(AM ကုမ္ပဏီ)၊ ဦးသူရအောင်-ဒေါ်စိမ်းလဲ့ဆွေ (AM နှင့် မြန်မာမြင့် ဆောက်လုပ်ရေး ကုမ္ပဏီ)နှင့်ဦးအောင်မင်း (Tosta Star ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးဌေးအောင်(Sakura ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်လုံးနှင့် တောင်ဥက္ကလာပ စက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်းအပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်းငွေကျပ် ၃၆၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဝန်ကြီး ဦးသန်းအောင်နှင့် ဒုတိယဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်းသည် အလျားပေ၁၂၀၊အနံပေ ၃၀ရှိသော ခုနစ်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး Sakura ကုမ္ပဏီက ငွေကျပ် ၇၇၆ ဒသမ ၄၅ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းသည် အလျား ၁၉၅ပေ၊ အနံ ပေ ၃၀ရှိသော ခြောက်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး AM နှင့် မြန်မာမြင့်ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် ၁၀၄၉ ဒသမ ၁၉သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်းသည် အလျား ၂၆၄ပေ၊ အနံပေ ၃၀ ရှိသော ရှစ်ခန်းတွဲ သုံးထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး AM ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၆၂၅ ဒသမ ၀၉သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၆

၂၀၀၅ ခုနှစ် ဩဂုတ် ၅ရက် မြန်မာစံတော်ချိန် ၁၇နာရီ ၁၈မိနစ် ၃၂ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၂၇၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Lee Ju -heum **နှင့်အဖွဲ့သည် ယမန်နေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။** (ဓာတ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူးရဲမှူးကြီးစစ်အေးနှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ဝှေ့လူရွေးပွဲများ စတင်ကျင်းပ အနောက်တိုင်းနှင့်ရိုးရာလက်ဝှေ့ပွဲများပါဝင်

ရန်ကုန် ဩဂုတ် ၆

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အနောက်တိုင်းလက်ဝှေ့ (အမျိုးသား/အမျိုးသမီး)၊ အပျော်တမ်းရိုးရာလက်ဝှေ့ လူရွေးပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ၂နာရီခွဲမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)တွင် ကျင်းပသည်။

အနောက်တိုင်း လက်ဝှေ့အမျိုးသမီး ၄၈ ကီလိုတန်း လူရွေးပွဲတွင် နော်မူချေ (ကရင်ပြည်နယ်)နှင့် နီလာကျော် (မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ အချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီး ငါးဦးအနက် လေးဦးက နော်မူချေကို အနိုင်ပေးသည်။ အမျိုးသမီး ၅၀ ကီလိုတန်း လူရွေးပွဲတွင် ဝါဝါဝင်း (မန္တလေးတိုင်း)က လှလှဝင်း (မန္တလေးတိုင်း)ကို အနိုင်ရရှိသွားသည်။ ဒိုင်လူကြီးငါးဦးအနက်လေးဦးက အနိုင်ပေးခြင်းဖြစ်သည်။

ဆက်လက်၍ အနောက်တိုင်း လက်ဝှေ့ အမျိုးသား ၅၁ကီလို လူရွေးပွဲတွင် ငြိမ်းအောင် (မြို့တော်စည်ပင်)နှင့် ပိုးဇာ (ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒိုင်လူကြီး ငါးဦးစလုံးက ငြိမ်းအောင် (မြို့တော်စည်ပင်) အား အနိုင်ပေးသည်။ ၅၄ ကီလိုတန်း အမျိုးသား လူရွေးပွဲတွင် ကျော်ကျော်လတ် (မြို့တော်စည်ပင်) က သန်းထိုက် (ကာကွယ်ရေး)ကို အနိုင်ရရှိသည်။ ဒိုင်လူကြီးငါးဦးစလုံးက အနိုင်ပေးခြင်းဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည့်အပျော်တမ်း ရိုးရာ လက်ဝှေ့ပြိုင်ပွဲအတွက် လူရွေးပွဲ နှစ်ပွဲကျင်းပသည်။ အပျော်တမ်း ရိုးရာလက်ဝှေ့သည် မြန်မာ့ရိုးရာလက်ဝှေ့နှင့် ထိုးပုံချင်းတူသော်လည်း ခေါင်းစွပ်၊ ခြောက်အောင်စလက်အိတ်၊ ဒူးကာကိုယ်ကာများဖြင့် ယှဉ်ပြိုင်ရသည်။ ဒူး၊ ခြေထောက်၊ လက်တို့ အသုံးပြုထိုးနိုင်သော်လည်း ဦးခေါင်းဖြင့်တိုက်၍ မရသကဲ့သို့ ကိုင်ပေါက်၍လည်း မရပေ၊ အမှတ်ပေးစနစ်နှင့် အနိုင်အရှုံးဆုံးဖြတ်ခြင်းဖြစ်သည်။

အရှေ့တောင်အာရှ အပျော်တမ်းရိုးရာလက်ဝှေ့ ၅၀ကီလိုတန်း လူရွေးပွဲတွင် ရွှေကျည်ဆံ(မြိုင်ကလေး) က ဒေါနအောင်(တောင်ကလေး)ကိုလည်းကောင်း၊ ၅၇ကီလိုတန်းတွင် နိုင်းဝမ်းလေး(မြို့တော်စည်ပင်)က ဘိလပ်မြေမောင်မောင်(မြိုင်ကလေး)ကို လည်းကောင်း အနိုင်ရရှိသွားသည်။

၎င်းနောက် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအဖြစ် လေးချီစိန်ခေါ်ပွဲငါးပွဲ၊ ငါးချီစိန်ခေါ်ပွဲ သုံးပွဲပြုလုပ်သည်။ လေးချီစိန်ခေါ်ပွဲတွင် ဝမ်းစတား (ဘားအံ)က အောင်သူရ(တွံတေး)ကို စတုတ္ထအချီ နှစ်မိနစ် ၁၂စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ ရွှေဒွဲလေး (မြောက်ဥက္ကလာပ)က မိုက်သဲလေး (တွံတေး)ကို ပထမအချီ စက္ကန့်၄၀တွင် အလဲထိုး၍လည်းကောင်း၊ လျှပ်စီး (KLN) က ဝင်းနိုင်ထွန်း(တွံတေး)ကို တတိယ အချီတွင် အလဲထိုး၍လည်းကောင်း၊ ရှမ်းသွေးလေး(တွံတေး)က ပိုင်သစ်မိုး(ဘားအံ)ကို ဒုတိယအချီ တစ်မိနစ်၊ စက္ကန့် ၂၀တွင် အလဲထိုး၍ လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အနောက်တိုင်း လက်ဝှေ့ (ကျား/မ)လူရွေးပွဲ၊ အပျော်တမ်းရိုးရာလက်ဝှေ့လူရွေးပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ဩဂုတ်၇ရက် မွန်းလွဲ ၂နာရီ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များတွင် မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပွဲ အဖြစ် လုံးချော(ညောင်တုန်း)နှင့် စောငမန်း (ဘားအံ)၊ ငါးချီစိန်ခေါ်ပွဲ များအဖြစ် ဖိုးခွားလေး (ရန်ကုန်)နှင့် စစ်သွေး(မြိုင်ကလေး)၊ ဝမ်ရှိ (KLN) နှင့် စည်သူလင်း(တောင်ကလေး)၊ ရှမ်းလေး (တွံတေး)နှင့် မုန်တိုင်း(ဘားအံ)၊ လေးချီစိန်ခေါ်ပွဲအဖြစ် ကိုကို(ဘားအံ) နှင့် အေသုံးလုံး(တွံတေး)၊ ကျားဇော်ဝင်း (တွံတေး)နှင့် ရွှေထိပ်တန်း(ဘားအံ)၊ ရန်ကြီးအောင် (အလင်းရောင်)နှင့် စောဝီလျံသိန်း(တောင်ကလေး) တို့၏ ပွဲစဉ်များအပြင် အရှေ့တောင်အာရှ ရိုးရာလက်ဝှေ့လူရွေးပွဲငါးပွဲ ၊အနောက်တိုင်း လက်ဝှေ့အမျိုးသား လူရွေးပွဲ နှစ်ပွဲ ၊ အမျိုးသမီး လူရွေးပွဲနှစ်ပွဲ ပါဝင်မည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာ့ရိုးရာလက်ဝှေ့ လေးချီစိန်ခေါ်ပွဲတွင် ဝမ်းစတား(ဘားအံ)နှင့် အောင်သူရ (တွံတေး)တို့ ရင်ဆိုင်ထိုးသတ်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော်** (သင်္ခတဒုက္ခမှအသင်္ခတနိဗ္ဗာန်ပေါ် လာပုံ)
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The Nature of Jurisprudence (ဒုတိယနှစ်-ဥပဒေပညာ)**
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့၏ သစ္စာနယ်မြေ" (အပိုင်း-၁၀)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ - ကုသိုလ်ကောင်းမှုပေါင်းစုပြုရာ ပစ္စည်းလေးပါး ဒါယကာ
- ၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **English Premier League (2005-2006)ဘောလုံးရာသီ ဖွင့်ပွဲ Chealsea Vs Arsenal (Delay)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

မြန်မာလိဂ်အဆင့်မြင့်တန်းကွင်းဖွင့်ပွဲစတင် စွမ်းအင်က ကမ္ဘောဇအသင်းကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၆

၂၀၀၅-၂၀၀၆ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် စတင်ကျင်းပရာ စွမ်းအင်အသင်းက ကမ္ဘောဇအသင်းကိုနှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပြည်ထဲရေးက ရထားပို့ဆောင်ရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကာ ပွဲဦးထွက် သုံးမှတ်စီရရှိသွားသည်။

စွမ်းအင်အသင်း	**နှစ်ဂိုး**
(နိုင်ဝင်းနှင့် မျိုးဇော်ဦး)	
ကမ္ဘောဇအသင်း	**ဂိုးမရှိ**
ဒိုင်လူကြီး	**ဦးလှတင့်**

ယမန်နှစ်ကွင်းဖွင့်ပွဲတွင် ဒုတိယရရှိထားသော စွမ်းအင်အသင်းသည် ယနေ့ပွဲအနိုင်ရရှိလိုက်သဖြင့် အုပ်စုကျပ်အားကျော်ဖြတ်၍ နောက်တစ်ဆင့်တက်လှမ်းရန် အလားအလာ ကောင်းသွားပြီဖြစ်သည်။

စွမ်းအင်အသင်းအတွက် အနိုင်ဂိုးများကို ပွဲအစနှစ်မိနစ်တွင် နိုင်ဝင်းနှင့် မိနစ် ၅၀တွင် မျိုးဇော်ဦးတို့ကသွင်းယူပေးခဲ့သည်။ လူငယ်ကစားသမား အများစုဖြင့်ဖွဲ့စည်းထားသော ကမ္ဘောဇအသင်းမှာ ကြိုးစားကစားသော်လည်း ပွဲဦးထွက် ရှုံးသွားရသည်။

ယနေ့ပွဲ

ညနေ (၄) နာရီ

ကာကွယ်ရေးနှင့် မြို့တော်စည်ပင်

(အောင်ဆန်းကွင်း)

လယ်ဆည်နှင့် လယ်ယာထွက်ကုန် (ကြေးမုံ)

လှေလှော်အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၆

မြန်မာလှေလှော်အားကစား တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဒေါက်တာပင်ဒိုရာအောင်ကြီး၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် တာဝန်ခံနာယကများနှင့် အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ သန်းတိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအုန်းမြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ အောင်ရီဖြိုးကုမ္ပဏီမှ ရုံးသုံးပစ္စည်းများနှင့်အလှူငွေကျပ် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၀ကို ဒါရိုက်တာ ဒေါ်ခင်မိုးညွန့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိန်ထွန်းကလက်ခံပြီး **(အပေါ်ဓာတ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးခင်အောင်ကြည်အားရည်စူး၍ ဒေါ်ခင်နန်းမွန်၊ သားသမီးမြေးတစ်စု အနော်ရထာလမ်း (၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်က အလှူငွေ ကျပ်သုံးသိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယခုနှစ် ပဲခူးတိုင်း မိုးစပါးကော ၂၈သိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးကြိုးပမ်း

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတက်ရောက် ဆုများချီးမြှင့်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဩဂုတ် ၆

ပဲခူးတိုင်း ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ပဲခူးမြို့နယ် ပဲခူးမျိုးသန့်ခြံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေး၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း၂၀၀၅–၂၀၀၆ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ခေတ်မီပညာရပ်များ လေ့လာသင်ယူမှု အခွင့်အလမ်းများရရှိ

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်၏ အမျိုးသားပညာရေးရည်မှန်းချက် အောင်မြင်စေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၃၁) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်းတို့၏ ကျောင်းဆောင်သစ်များဖွင့်ပွဲ နှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့ တက်ရောက်အားပေးချီးမြှင့်၍ ကျောင်းဆောင်သစ်များကို ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့ ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (အပေါ်ပုံ) နှင့် (ယာပုံ) (ရကတ)